ကြေးမုံ
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 21 March 2023 ၁၁၀၄၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မုံရွာမြို့ပေါ်ရှိ စာသင်တိုက်များမှ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မတ် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ စာသင်တိုက်များမှ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ ရန်ကင်းကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

**ကြွရောက်ချီးမြှင့်တော်မူ**

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဝိဇ္ဇာသိပ္ပံ ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယနှင့် ရန်ကင်းကျောင်းတိုက် ဆရာတော် ဒွိပိဋကရေ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝံသတို့ အမှူးပြုသည့် မုံရွာမြို့ပေါ်ရှိ စာသင်တိုက် ခုနစ်တိုက်တို့မှ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များ၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရန်ကင်းကျောင်းတိုက် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်စဉ်။

ယနေ့ ဖတ်စရာ

**ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြ လမ်းပေါ်ရှိ ပမ္မဝတီတံတား(မြင်းကဆိပ်) ဖွင့်လှစ်** စာမျက်နှာ » ၈



**လူသားအားလုံး ကျန်းမာဖို့ ၊ သစ်တောများကို ထိန်းသိမ်းစို့** ဆောင်းပါး စာမျက်နှာ » ၁၀

**ရန်ကုန်တိုင်းဒေသကြီးအတွင်း EV Charging Station များ ဖွင့်လှစ်** စာမျက်နှာ » ၁၈

**မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ** စာမျက်နှာ » ၁၉

# “တပ်မတော်၏အား”၊ “နိုင်ငံတော်၏အား”

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစတင်၍ တိုင်းရင်းသားပြည်သူများနှင့် ဖွဲ့စည်းတည်ဆောက်ထားသည့် တစ်ခုတည်းသော နိုင်ငံ၏အင်အားစုကြီးဖြစ်သည်။ စည်းကမ်းကောင်းမွန်မှု၊ စည်းလုံးညီညွတ်မှုအင်အားများဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် အစဉ်အဆက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။ အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်တည်ဆောက်လျက်ရှိကာ တပ်မတော်အင်အားတောင့်တင်းခိုင်မာသည်နှင့်အမျှ နိုင်ငံတော်လည်း အင်အားတောင့်တင်းခိုင်မာနေမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၁၉ ရက်နေ့က အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံစဉ် “အင်အား”ဟူသည့် စကားမှာ စကားတစ်လုံးတည်းသာဖြစ်သော်လည်း နိုင်ငံတော်အတွက်၊ တပ်မတော်အတွက် ကောင်းမွန်တိုးတက်သော အပြောင်းအလဲများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ တပ်တွင်းစည်းလုံးညီညွတ်မှုအား၊ နိုင်ငံအတွင်း စုစည်းညီညွတ်မှု အင်အားများကို မဖြစ်မနေတည်ဆောက်သွားရမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

ထို့အပြင် တပ်မတော်သားများနှင့်ပတ်သက်၍ “တပ်တွင်းစည်းလုံးညီညွတ်ရေးအတွက် အလေးထားဆောင်ရွက်ရန်နှင့် ညီညွတ်မှုတသည့် အုပ်ချုပ်မှုစနစ်ရှိမှသာလျှင် တပ်တွင်းစည်းလုံးညီညွတ်မှု အားကောင်းလာမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိကိုယ်ကို သစ္စာရှိရန်၊ မိမိ မိသားစုအပေါ် သစ္စာရှိရန်၊ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်အချင်းချင်းအပေါ် သစ္စာရှိရန်၊ တပ်မတော်နှင့် နိုင်ငံတော်အပေါ် သစ္စာရှိရန်အတွက် စောင့်ထိန်းကြရန်လိုကြောင်း၊ “တပ်မတော်၏အား”၊ “နိုင်ငံတော်၏အား” မြှင့်တင်နိုင်မည့်ကိစ္စရပ်များကို လုပ်ဆောင်ကြရန်နှင့် နိုင်ငံတော်၏အကျိုးအတွက် အမြင်ကျယ်ကျယ်ဖြင့် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း” လမ်းညွှန်မှာကြားခဲ့သည်။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာသည့် ပြည်ပအန္တရာယ်များအား ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရေးဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းရွက်ပေးလျက်ရှိသည့်နည်းတူ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင်လည်း ကျရာအခန်းကဏ္ဍမှ နိုးကြားတက်ကြွစွာ ပါဝင်ထမ်းရွက်လျက်ရှိသည်။ နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖြောင့်တန်းစွာလျှောက်လှမ်းနိုင်ရန်အတွက် တပ်မတော်က လမ်းခင်းပုံဖော်ပေးခဲ့သည်။ ၂၀၁၁ ခုနှစ်မှစတင်၍ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခဲ့ရာတွင် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။

ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ခုတွင် တပ်မတော်အနေဖြင့် လွှတ်တော်နိုင်ငံရေးတွင်လည်းကောင်း၊ တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားတွင်လည်းကောင်း ကျရာကဏ္ဍများကို ကျေပွန်စွာထမ်းရွက်ခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းအကြံပြုခဲ့သည်။ တပ်မတော်သည် ပါတီစုံဒီမိုကရေစီစနစ် တည့်မတ်မှန်ကန်ခိုင်မာအားကောင်းစေရေးဆောင်ရွက်ရာ၌ ဒီမိုကရေစီတတိယသက်တမ်း ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို ဖြေရှင်းပေးရန် တင်ပြသော်လည်း ဖြေရှင်းပေးခြင်းမရှိဘဲ နိုင်ငံတော်တွင် ဖြစ်ပေါ်လာနိုင်သော အခြေအနေများအရ နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်က နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည်။

ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် အန္တရာယ်များကို ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ တပ်မတော်အနေဖြင့် မည်သည့်အစိုးရကအုပ်ချုပ်သည်ဖြစ်စေ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံတော်လုံခြုံရေးနှင့် ပြည်သူလူထုတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာသည့် အခက်အခဲများကို ကူညီဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံရေးကိုအကြောင်းပြု၍ အဖျက်လုပ်ရပ်များ ဖြစ်ပေါ်နေသည့်ကြားမှ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ ဦးတည်ချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တပ်မတော်သည် အစဉ်အလာကောင်းများနှင့်အညီ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်အတွက် “တပ်မတော်၏ အား” တောင့်တင်းခိုင်မာလာအောင် ကြိုးပမ်းဆောင်ရွက်ပြီး “နိုင်ငံတော်၏ အား” တိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ရာဇဝတ်အထူးအယူခံမှု တစ်မှု စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု လေးမှု ရုံးထိုင်ကြားနာ

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဦးတင်ဟုန်နှင့် ဒေါ်သင်းသင်းနွဲ့တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၂/၂၀၂၂(ကချင်) တစ်မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၁၇/၂၀၂၂ (ရခိုင်)၊ ၁၈/၂၀၂၂ (ရခိုင်)၊ ၅၄/၂၀၂၂ (မကွေး)နှင့် ၅၅/၂၀၂၂ (မကွေး) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀ - ၃ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၃၀၀ | ၆၃၂ | ၅,၁၂၃,၆၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၃၄၁ | ၁,၀၇၄,၆၅၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၃ | ၂၂,၅၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၁၅၉ | ၂၄၆,၄၅၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၁ | ၂,၇၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၂ | ၅,၄၀၀ |
| AMATA | ၄,၉၀၀ | ၄,၈၀၀ | ၂၆၁ | ၁,၂၇၈,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၂၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၃၆.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၄.၉၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၆၂၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၈.၂၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၀၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၄.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၆၄.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၆၀၆.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၀.၁၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဓမ္မပါရဂူကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ရန်ကင်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြစဉ်။

☆ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရန်ကင်းကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မဟာ ဝိဇ္ဇာသိပ္ပံကျောင်းတိုက်ဆရာတော်၊ ရန်ကင်း ကျောင်းတိုက်ဆရာတော်နှင့် ဓမ္မပါရဂူကျောင်းတိုက် ဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မ အလှူငွေများ၊ ဆန်၊ ဆီ၊ ဆားနှင့် ပဲများကို ဆက်ကပ် လှူဒါန်းသည်။

ယင်းနောက်အခမ်းအနားတက်ရောက်လာကြသူ များက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက ရန်ကင်း ကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် အမျှပေးဝေကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ဆရာတော်ကြီးများထံသို့ သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး ဆိုင်ရာများကိုတင်ပြလျှောက်ထားကာ ဆရာတော်ကြီး များ၏ ဩဝါဒကို ခံယူသည်။

ယနေ့ပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ စာသင် တိုက်များမှ သံဃာတော် ၇၉၁ ပါးအတွက် ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ပဲနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားတွင် လှူဒါန်းမှု စုစုပေါင်းအနေဖြင့် ဆန် ၁၈၁ အိတ်၊ ဆီ ၃၂၆ ပိဿာ၊ ဆား ၂၇၂ ပိဿာ၊ ပဲ ၃၂၆ ပိဿာ၊ ကြာဆံ ၁၆၃ ပိဿာနှင့် နဝကမ္မအလှူငွေအနေဖြင့် စာသင်တိုက်တစ်တိုက်လျှင် ငွေကျပ် သိန်း ၅၀ နှုန်းဖြင့် ငွေကျပ် သိန်း ၃၅၀ ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)က နတ်စင်တစ်ရာဆရာတော်အား အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့ ဆက်ကပ်ပူဇော်



ရန်ကုန် မတ် ၂၀

ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း (ဗဟို)က သန်လျင်မြို့နယ် နတ်စင်တစ်ရာ ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာတေဇ အား အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဘွဲ့ဆက်ကပ်ပူဇော်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပ သည်။

ဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာယာ ကုန်း ပြဿဒ်ဆရာတော် ဘဒ္ဒန္တပညာဓဇ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြ သည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် ဗုဒ္ဓသာသာဘာကလျာဏယုဝ အသင်း(ဗဟို)ဥက္ကဋ္ဌ ဦးရဲထွန်းက နတ်စင် တစ်ရာ ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာတေဇထံသို့ အဂ္ဂ မဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် တော်ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တာဝန်ရှိသူတို့က လှူဖွယ်သက်န်းနှင့် ဝတ္ထုငွေများဆက်ကပ် လှူဒါန်းကြပြီး ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း(ဗဟို)သို့ အဘိဓမ္မာသင်တန်းနှင့် ၃၈ ဖြာမင်္ဂလာသင်တန်း သင်ကြားပို့ချရန် အလှူငွေကျပ် ၁၀ သိန်းကို နတ်စင် တစ်ရာကျောင်းတိုက်ဆရာတော်က ပေးအပ် လှူဒါန်းသည်။

### အနုမောဒနာတရားနာကြား

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇအဂ္ဂမဟာမင်္ဂလဓမ္မဇောတိက ဓဇ ဘဒ္ဒန္တအဂ္ဂသာမိထံမှ အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချ အမျှ ပေးဝေကြကာ စိရံတိဋ္ဌတုသုံးကြိမ်ရွတ် ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်း ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

## စီးပွားရေးမောင်းနှင်အားသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံးဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုစေနိုင်

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက မြို့ပေါ်ဒေသတိုးတက်မှုကိုသာမက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကိုပါ များစွာအထောက်အကူပြုမည်

**နေပြည်တော် မတ် ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ ချင်းတွင်းခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ဒေါက်တာ မှုထန်နှင့် ဦးမောင်ကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် စက်မှုဇုန်များ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ MSME ထုတ်ကုန်ပြပွဲများ၊ ဈေးရောင်းပွဲတော်နှင့် Talk Show များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် သင်တန်းပို့ချပေးခြင်းများ ဆောင်ရွက်လျက်ရှိမှုနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)ရှင်များ ဖြစ်ကြသည့် စစ်ကိုင်းမြို့ စက်မှုလုပ်ငန်းရှင်များကိုယ်စား ဦးကိုကိုမြင့်၊ စစ်ကိုင်းမြို့ ကုန်သည် လုပ်ငန်းရှင်များကိုယ်စား ဦးထွန်းထွန်းဦး၊ ရွှေဘိုမြို့ စက်မှုလုပ်ငန်းရှင်များကိုယ်စား ဦးဖြိုးသူရ၊ ရွှေဘိုမြို့ ကုန်သည်လုပ်ငန်းရှင်များကိုယ်စား ဦးကျော်ငွေ၊ ကလေးမြို့ စက်မှုလုပ်ငန်းရှင်များကိုယ်စား ဦးဇော်ဝမ်း၊ ကလေးမြို့ ကုန်သည်လုပ်ငန်းရှင်များကိုယ်စား ဦးစိုးမြင့်၊ မုံရွာမြို့ စက်မှုလုပ်ငန်းရှင်များကိုယ်စား ဦးခင်မောင်ညို၊ မုံရွာမြို့ ကုန်သည်လုပ်ငန်းရှင်များကိုယ်စား ဦးသန်းဌေးအောင်နှင့် တက်ရောက်လာကြသူများက စစ်ကိုင်းစက်မှုဇုန်ဆိုင်ရာ အချက်အလက်များနှင့် စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စစ်ကိုင်းမြို့၌ စက်သုံးဆီလိုအပ်ချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးစေလိုမှု၊ ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေများကို နိုင်ငံတော်မှ ပံ့ပိုးဆောင်ရွက်စေလိုမှု၊ အရည်အသွေးကောင်းများကို ပိုင်ဆိုင်ထားသည့် ရွှေဘိုပေါ်ဆန်းကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအား လိုအပ်ချက်ကိုဖြည့်ဆည်းပေးစေလိုမှု၊ လေကြောင်းခရီးစဉ်များကို ယခုထက်ပိုမိုပြေးဆွဲဆောင်ရွက်ပေးစေလိုမှု၊ စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှုနှင့် ခေတ်မီစက်ကိရိယာများ တင်သွင်းရာတွင် ပိုမိုလျင်မြန်မှုရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ တိုင်းဒေသကြီးအတွင်း ကုန်စည်စီးဆင်းမှုပိုမိုလျင်မြန် ချောမွေ့စေရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံ ချောမွေ့ရေးတို့အတွက် ဆောင်ရွက်ပေးစေလိုမှု၊ စစ်ကိုင်းမြို့ ရေလုံလောက်စွာရရှိရေးအတွက် ဆိုလာစနစ်သုံးရေပေးဝေရေးစနစ် ဖော်ဆောင်ပေးစေလိုမှု၊ ပြည်တွင်း ပြည်ပခရီးသွားများ အများဆုံး အသုံးပြုလျက်ရှိသည့် စစ်ကိုင်းတောင်ရိုးလမ်းနှင့် ကမ်းနားလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ မြို့တွင်း၌ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် စစ်ကိုင်းမြို့ မြို့ရှောင်လမ်း ဆောင်ရွက်ပေးစေလိုမှု၊ ရိုးရာငွေထည်လုပ်ငန်း၊ ကြေးထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုမှု၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေး-စစ်ကိုင်း-အင်းတော်-ကသာ မီးရထား လမ်းပြေးဆွဲဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှအားပေးဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စပါးစိုက်တောင်သူများအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးသွားမည် ဖြစ်သဖြင့် ဆက်သွယ် ဆောင်ရွက်နိုင်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသဖြင့် မိမိတို့ဒေသများရှိ ဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ် ဆောင်ရွက်နိုင်မှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူလူထုတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် နည်းပညာ၊ စက်ကိရိယာနှင့် အရင်းအနှီးများ ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ MSME ပြပွဲ၊ ပြိုင်ပွဲများ နိုင်ငံတစ်ဝန်း ဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုများသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေနိုင်သည့်အတွက် လုပ်ငန်းရှင်များအားလုံး ဝိုင်းဝန်း တိုက်ဖျက်ဆောင်ရွက်သွားကြရန်လိုအပ်မှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် အလေးထားမှတ်သား၍

စာမျက်နှာ ၅ သို့ ❖

**☆ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေး မောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့် ရပ်တည်ဆောင်ရွက်ရ၊ စည်းလုံးညီညွတ်မှုရှိသည့် နိုင်ငံသားများဖြင့် ရပ်တည်ဆောင်ရွက်မည်ဆိုပါက နိုင်ငံရေးအားကောင်းမွန်မည်**

**☆ စီးပွားရေးမောင်းနှင်အား ကောင်းမွန်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်၊ နိုင်ငံ၏ကာကွယ်ရေးကို တည်ဆောက်နိုင်ပါက နိုင်ငံတကာတွင် အထိုက်အလျောက် ဩဇာရှိနိုင်**

❖ စာမျက်နှာ ၄ မှ

တိုင်းဒေသကြီး အစိုးရအနေဖြင့် သော်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံး ဆက်သွယ်၍သော်လည်းကောင်း ဖြေရှင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆွေးနွေး တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည် ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များကို တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယနေ့ တွေ့ဆုံမှုတွင် တစ်ဦးချင်း၏ စီးပွားရေးလုပ်ငန်းများတွင် ကြုံတွေ့ရသည့် အခက်အခဲများကို တွေ့ရှိရကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် မိမိတို့ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည့်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ အခြားဒေသများမှ ထွက်ရှိသည့် ကုန်ကြမ်းများကို မှီခိုရန်မလိုဘဲ မိမိဒေသအတွင်း ထွက်ကုန်များဖြင့် အောင်မြင်စွာ ထုတ်လုပ်နိုင်သည့် ဒေသတစ်ခုဖြစ်သည့်အတွက်လည်း ဂုဏ်ယူပါကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်မည့်ဒေသဖြစ်ပြီး ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်နှစ်ခုအကြားတွင် တည်ရှိနေသည့် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း။

## စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာလျှင် နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားကို တည်ဆောက်နိုင်မည်

နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့် ရပ်တည်ဆောင်ရွက်ရကြောင်း၊ စည်းလုံးညီညွတ်မှုရှိသည့် နိုင်ငံသားများဖြင့် ရပ်တည်ဆောင်ရွက်မည်ဆိုပါက နိုင်ငံရေးအားကောင်းမွန်မည်ဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ကာကွယ်ရေးကို တည်ဆောက်နိုင်ပါက နိုင်ငံတကာတွင် အထိုက်အလျောက် သြဇာရှိနိုင်ကြောင်း၊ မောင်းနှင်အားများအနက် စီးပွားရေး မောင်းနှင်အားသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံးဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုစေနိုင်ကြောင်း၊ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံရေးနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးပညာရပ်ကို လူတိုင်း နားလည်သင့်ကြောင်း၊ အစိုးရအနေဖြင့် တစ်နိုင်ငံလုံးစီးပွားရေးနှင့် ပြည်သူလူထု၏ စီးပွားရေး တိုးတက်အောင် စီမံဆောင်ရွက်ရကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်စေရေးနှင့် လူအများကိုကြီးပွားချမ်းသာစေမည့် လမ်းကြောင်းကို မြှင့်တင်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဒေသတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိမှသာလျှင် ရောင်းကုန်ပစ္စည်းများ ရရှိမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကုန်ကြမ်းပစ္စည်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ထွက်ရှိသည့် ကုန်ကြမ်းများကို ကုန်ကြမ်းအတိုင်းသာ ရောင်းချမည်ဆိုပါက အကျိုးအမြတ်ရရှိမှုနည်းပါးမည်ဖြစ်ပြီး ကုန်ချောအဖြစ်ထုတ်လုပ်၍ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ရောင်းချနိုင်မည်ဆိုပါက အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း။

## ဒေသတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရန်လို

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီမှုမရှိသည်ကိုတွေ့ရကြောင်း၊ စပါးစိုက်ပျိုးမှုများကို စနစ်တကျဆောင်ရွက်ပြီး တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းဝမ်းစာဖူလုံမှုကို အထောက်အကူပြုနိုင်သည့်အပြင် ပိုမိုထွက်ရှိသည့် ထုတ်ကုန်များကို ပြင်ပသို့ရောင်းချနိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဂျုံစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း စစ်ကိုင်းတိုင်းဒေသကြီးသည် တစ်နိုင်ငံလုံးတွင် စိုက်ပျိုးမှုအမြင့်မားဆုံးဖြစ်ပြီး ယခုထက်ပိုမို ထွက်ရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဂျုံမျိုးကောင်းမျိုးသန့်များရရှိအောင် စိုက်ပျိုးရေးသုတေသနဌာန၊ ဂျုံစိုက်တောင်သူများနှင့် ဂျုံအသုံးပြုသူများ သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်၍ ဂျုံမျိုးကောင်းမျိုးသန့်များ ရရှိအောင် သုတေသနပြုဆောင်ရွက်ကြရန်လိုကြောင်း၊ စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ပြည်တွင်းဈေးကွက်ကိုသာမက ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေးအထိ မျှော်မှန်းစိုက်ပျိုးရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးမြေများကိုအကျိုးရှိရှိအသုံးချရန်လိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးအတွက် ခွင့်ပြုထားသည့် စိုက်ပျိုးမြေငါးသိန်းခန့်မှာ ပြည့်မီစွာ စိုက်ပျိုးမှုမရှိသည်ကို တွေ့ရကြောင်း။

စိုက်ပျိုးရေး လုပ်ငန်းများ အောင်မြင်ပြီး အထွက်နှုန်းတိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့်များဖြစ်ရန်၊ မြေကောင်းမွန်ရန်၊ စိုက်ပျိုးရေလုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်မှန်ကန်ရန်လိုကြောင်း၊ ဓာတ်မြေသြဇာလိုအပ်မှုကို တစ်ဖက်တစ်လမ်းမှဖြည့်ဆည်းပေးနိုင်ရန်အတွက် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူဆောင်ရွက်ပြီး တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများကို ဇီဝမြေသြဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ နို့စားနွားနှင့် အသားစားနွား မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်၊ စိုက်ပျိုးမွေးမြူရေးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်၍ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက စစ်ကိုင်းတိုင်းဒေသကြီးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ လူတို့တွင် မွေးဖွားစဉ်မှ သေဆုံးသည့်အချိန်အထိ အဝတ်အထည်များ လိုအပ်ကြောင်း၊ ထို့ကြောင့် အဝတ်အထည်များ ရက်လုပ်ခြင်းအတွက် လိုအပ်သည့် ဝါစိုက်ပျိုးမှုများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဝါစိုက်ပျိုးမှုများကို ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးမှုများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အရည်အသွေးပြည့်မီသည့် ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်မှလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဝါစိုက်ပျိုးရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်မှုကိုသာမက ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စပါး၊ ဂျုံ၊ ဝါနှင့် ဆီထွက်ပစ္စည်းများကို အောင်မြင်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတိုးတက်မှုများကို ပိုမိုဖြစ်ထွန်းစေပြီး နိုင်ငံအတွက်လည်း အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၌ စစ်ကိုင်းတိုင်းဒေသကြီးသည် ဝါးထွက်ရှိမှုနှုန်းအမြင့်ဆုံးဖြစ်ကြောင်း၊ အဆိုပါ ဝါးများကိုအသုံးပြု၍ နိုင်ငံအတွက် လိုအပ်သည့် စက္ကူပျော့ဖတ်များကို ထုတ်လုပ်နိုင်ကြောင်း၊ စက္ကူပျော့ဖတ်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ဝင်ငွေပိုမိုရရှိမည်ဖြစ်ကြောင်း၊ စက္ကူစက်ရုံများ တည်ဆောက်လိုပါကလည်း နိုင်ငံတော်အနေဖြင့် ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းဒေသတွင် ရော်ဘာထွက်ရှိပြီး ရော်ဘာကိုအခြေခံသည့် မော်တော်ဆိုင်ကယ်တာယာများ၊ စက်ဘီးတာယာများနှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ရော်ဘာထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်မည်ဆိုပါက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

## လျှပ်စစ်ဓာတ်အားလုံလောက်မှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိ

မိမိတို့နိုင်ငံတွင် စားသုံးဆီနှင့် စက်သုံးဆီ လိုအပ်ချက်အတွက် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ နိုင်ငံအတွင်း စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် နေကြာစိုက်ပျိုးမှုများနှင့် ဆီထွက်သီးနှံများကိုလည်း အောင်မြင်အောင်စိုက်ပျိုးကြစေလိုကြောင်း၊ စက်သုံးဆီသုံးစွဲမှုများ လျှော့ချရေးအတွက်လည်း စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံး အများသုံးသယ်ယူပို့ဆောင်ရေး စနစ်ကို အကောင်အထည်ဖော်ဆောင်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားသုံး မော်တော်ယာဉ် တင်သွင်းမှုများကိုလည်း ခွင့်ပြုပေးထားပြီး အချို့နေရာများတွင် စတင်အသုံးပြုနေပြီဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိရေးအတွက်လည်း နိုင်ငံတော်မှ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ကြောင်း၊ လုပ်ငန်းရှင်များ တစ်ဦးချင်းအနေဖြင့်လည်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို ဆောင်ရွက်ကြစေလိုကြောင်း၊ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အတွင်း စာမျက်နှာ ၆ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန် ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန် ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

❖ စာမျက်နှာ ၅ မှ

လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို ဆောင်ရွက်နိုင်သည့် နေရာအများအပြားရှိကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြစ်ရေတင် လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ရေအား လျှပ်စစ်စီမံကိန်းများကို အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မရှိသေးသည့်အတွက် မိမိတို့အနေဖြင့် အဆိုပါ ရေအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရန် လိုကြောင်း၊ မိမိတို့တွင်ရှိပြီးဖြစ်သည့် သဘာဝအရင်းအမြစ်များကို အပြည့်အဝ အသုံးချနိုင်မှု မရှိခြင်းကြောင့် နိုင်ငံ၏အကျိုးစီးပွားနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ထိခိုက် နစ်နာလျက်ရှိကြောင်း၊ ကလေးဝ ကျောက်မီးသွေး ထုတ်လုပ်ခြင်းမှလည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု လုပ်ငန်းများကိုလည်း ဆောင်ရွက်၍ ရကြောင်း၊ မိမိတို့ ဒေသနှင့် တိုင်းပြည်ကို အကျိုးဖြစ်ထွန်းစေနိုင်မည့် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသခံများအနေဖြင့် ဒေသနှင့် တိုင်းပြည်၏ အကျိုးကို ကြည့်၍ ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်အတွက် အကျိုးရှိစေမည့် စီမံကိန်းများ အောင်မြင်မှုမရှိစေရေး နိုင်ငံရေး အမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကို မိမိတို့၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားဖြင့် စဉ်းစားဆုံးဖြတ်ကြစေလိုကြောင်း။

**လူသားအရင်းအမြစ်များ ပေါ်ထွက်လာရေး ပညာရေးကို အားပေးဆောင်ရွက်**

မိမိ၏မူဝါဒမှာ ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်ပြီး နိုင်ငံ့စီးပွားရေး မြှင့်တင်ရေး ရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ လွှဲအပ်ပေးထားပြီးဖြစ်သဖြင့် စနစ်တကျ အကျိုးရှိစွာ အသုံးချရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သည့် ကုန်ကြမ်းများ၊ အရင်းအနှီး၊ စက်သုံးဆီ၊ လျှပ်စစ်ဓာတ်အားနှင့် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိစေရေး ခရိုင် ၅၀ တွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံသင်တန်းကျောင်းများ ဖွင့်လှစ်လျက်ရှိကြောင်း၊ အလားတူ သိပ္ပံကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း၊ ၎င်းမှတစ်ဆင့် ကောလိပ်နှင့် တက္ကသိုလ်များကို တက်ရောက်နိုင်ကြောင်း၊ ယခင်ပညာသင်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးသည် ကျောင်းဖွင့်လှစ်မှုနှင့် ကျောင်းတက်ရောက်မှု ရာခိုင်နှုန်း အနည်းဆုံးဖြစ်ကြောင်း၊ မိမိတို့သားသမီးများ၏ ပညာရည်မြှင့်တင်ရေးအတွက် ဝိုင်းဝန်းအားပေး ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးသည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

ကိုယ်ပိုင်ပစ္စည်းများဖြင့် ရပ်တည်နေသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ပြုမည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည် ဆိုပါက မြို့ပေါ်ဒေသ တိုးတက်မှုကို သာမက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကိုပါ များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့ ဒေသတိုးတက်ရေးအတွက် ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံများ အားလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း၊ စည်းကမ်းစနစ်တကျ ရှိစေရေးအတွက် ဒေသတွင်းရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများက ထိန်းသိမ်းရမည် ဖြစ်သကဲ့သို့ ဒေသခံများ အနေဖြင့်လည်း သတ်မှတ် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုကြောင်း၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်နေခြင်းသည် နိုင်ငံရေးဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိဒေသ၊ မိမိနိုင်ငံ အကျိုးကို ဝိုင်းဝန်းကြိုးပမ်းရမည် ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများကိုယ်စား တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်၊ ခရိုင်အဆင့် ဌာနဆိုင်ရာများကိုယ်စား မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများကိုယ်စား မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းတို့က လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် သယံဇာတ တွင်းထွက်ထုတ်ကုန်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်း ပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ






**နေပြည်တော် မတ် ၂၀**

(၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက် အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၁၂၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲပေါင်း ၇၇ တွဲရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ပြပွဲ ပဥ္စမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ အနက် ကျောက်စိမ်းအတွဲအမှတ် (၁) မှ (၇၅၀) အထိကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

**ကြေညာသွားမည်**

ကျောက်စိမ်းအတွဲအမှတ် (၁) မှ (၇၅၀) အထိ တင်သွင်းထားသည့် ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ မတ် ၂၁ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၂၉၅ တွဲကို မတ် ၁၈ ရက်မှ ၁၉ ရက်အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၂၉၀ ကိုလည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ ကို မတ် ၂၀ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်မျက် အတွဲပေါင်း ၇၇ တွဲကိုလည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် ကျောက်စိမ်း အတွဲပေါင်း ၂၁၅၀ ကို မတ်၂၁ ရက်မှ ၂၃ ရက်အထိ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပသည့် (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် မတ် ၁၇ ရက်မှ ၂၃ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပနေခြင်းဖြစ်သည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ တက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများ မွန်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။

မော်လမြိုင် မတ် ၂၀

(၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ ညနေပိုင်းတွင် မော်လမြိုင်မြို့ မောရဝတီပန်းခြံ မြက်ခင်းပြင်၌ ကျင်းပသည်။

ညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်း ပထမဆုရ ပြည်နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဦးစီးဌာန၊ ဒုတိယဆုရ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ် ငါးလုပ်ငန်းရှင်များ အသင်းနှင့် တတိယဆုရ မွန်ပြည်နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဧည့်ပရိသတ် များသည် (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြပြီး မွန်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုပန်းခြင်းနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်လို

မော်လမြိုင် မတ် ၂၀



တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်၊ ဓလေ့ထုံးတမ်းနှင့် အမျိုးသားရေးလက္ခဏာရပ်များ ဖွံ့ဖြိုးတိုးတက်အောင်နှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၂)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကူညီဆောင်ရွက်ပေးရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က တိုက်တွန်းပြောကြားလိုက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့မွန်းလွဲပိုင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ထိုသို့ တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားအရေးကိစ္စရပ်များကို ဆောင်ရွက်ရသည့်ဌာနဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည်နှင့်အညီ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်လိုကြောင်း၊ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်(၆)ချက်ကို သိရှိလိုက်နာကျင့်ကြံရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ တာဝန်ဝတ္တရားများကို သိရှိနားလည်ပြီး လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုထူးခြားသည့် အခြေအနေကာလတွင် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသည့် အမျိုးသားရေးလုပ်ငန်းစဉ်များ၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၁၂)ရပ်တို့ကို သိရှိနားလည်ထားပြီး လုပ်ငန်းများကို မိမိကျရာကဏ္ဍများတွင် တာဝန်ကျေပွန်အောင် ကြိုးစားဆောင်ရွက်ရန်နှင့် နိုင်ငံဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဌာနေဒေသခံတိုင်းရင်းသားလူမျိုးများ၏ အရေးအရာကိစ္စရပ်များကို စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည့်အပြင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထိုသို့တွေ့ဆုံစဉ် မွန်ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်ဦးက မွန်ပြည်နယ်အတွင်း တိုင်းရင်းသားအရေးကိစ္စရပ်များ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပြည်နယ်တာဝန်ခံများနှင့် ဝန်ထမ်းများက လုပ်ငန်းလိုအပ်ချက်များ၊ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ပေးပြီး မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအတွက် စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို ပိုမိုထိန်းသိမ်း မြှင့်တင်ဆောင်ရွက်နိုင်ရန် ဖွံ့ဖြိုးမှုထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# “မြန်မာချိုးလင်းပြာ” ၄က်ပုံစာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ထုတ်ဝေရောင်းချမည်

နေပြည်တော် မတ် ၂၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌သာ ကျက်စားသည့် ဒေသရင်း ငှက်မျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထား မှတ်ချက်ပြုထားသည့်** မြန်မာ့ဒေသရင်း “မြန်မာချိုးလင်းပြာ” ငှက်ပုံ(ကျပ် ၂၀၀ တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို **၂၀၂၃ ခုနှစ် မတ် ၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲ** မှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။




အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၃ ခုနှစ် မတ် ၂၂ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

ကသာ မတ် ၂၀



စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ မြို့မဈေးကြီးတွင် ယနေ့နံနက် ၉ နာရီက ကသာမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ဖြိုးသူ ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အတူ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ကသာမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အတူ မြို့နယ်စည်ပင်သာယာရေး အရာရှိ ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ပြီး ကသာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထက်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး စောမြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများ ပါဝင်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

# ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်းပေါ်ရှိ ပမ္မဝတီတံတား(မြင်းကဆိပ်)ဖွင့်လှစ်

နေပြည်တော် မတ် ၂၀

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပုသိမ် - ကံကုန်း - မြင်းကဆိပ်- မြောင်းမြလမ်းပေါ်ရှိ အရှည်ပေ ၁၂၆၀ ရှိ ပမ္မဝတီ တံတား(မြင်းကဆိပ်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါတံတား မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိ၊ ရပ်ဖများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ရေးသည် ဒေသတစ်ခု ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်ပြီး အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၏ ဆန်စပါး အဓိကထွက်ရှိရာ တိုင်းဒေသကြီးဖြစ်ကြောင်း၊ မြစ်ချောင်းများပေါများပြီး မြေဆီဩဇာကြွယ်ဝသော မြေနုကျွန်းများရှိသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး ရေထွက်ပစ္စည်းလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများတည်ရှိသော တိုင်းဒေသကြီးလည်း ဖြစ်ပါကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်လိုကြောင်း၊ ပြည်သူများ ဘေးအန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာအသုံးပြုနိုင်ရန် ပမ္မဝတီတံတား (မြင်းကဆိပ်)ကို ဖွင့်လှစ်ပေးပြီးဖြစ်၍ တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများ အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းဒေသကြီး/ပြည်နယ်များ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးသည် အဓိကကျကြောင်း၊ ဒေသအားလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် လမ်း၊ တံတားများ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

မြောင်းမြမြို့နယ် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်းပေါ်တွင် ယခင်က တည်ဆောက်ခဲ့သည့် ပမ္မဝတီတံတား(မြင်းကဆိပ်) ကြိုးတံတားဟောင်းသည် ကြံ့ခိုင်မှုအားနည်းလာသည့်အတွက် မူလကြိုးတံတားဟောင်းကို ဖြုတ်သိမ်း၍ ကျွမ်းကျင်ပညာရှင်များက ခေတ်မီနည်းစနစ်တို့ကို အသုံးပြုပြီး အရှည်ပေ ၁၂၆၀၊ အပေါ်ထည် Steel Box Girder သံကူကွန်ကရစ်ကြမ်းခင်းနှင့် အောက်ထည်အုတ်မြစ်ကို R.C.C Bored Pile ဖြင့် တည်ဆောက်ခဲ့ပါကြောင်း၊ တံတား၏ ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေ၊ နိုင်ငံတကာ အကူအညီချေးငွေများဖြင့် လမ်း၊ တံတားများကို တည်ဆောက်ပေးလျက်ရှိရာ ယနေ့အထိ လမ်းမိုင် ၁၈၈၅ မိုင်ကျော် ဖောက်လုပ်ထိန်းသိမ်းထားပြီး ပေ ၁၈၀ နှင့်အထက် တံတားကြီး ၁၀၉ စင်းကိုလည်း တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အတွင်းတွင်လည်း ပေ ၁၈၀ နှင့် အထက်တံတား ၁၂ စင်းနှင့် ပေ ၁၈၀ အောက် တံတား ခုနစ်စင်း စုစုပေါင်း ၁၉စင်းကို တည်ဆောက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုတံတားကြီးကို ဖွင့်လှစ်လိုက်သည့်အတွက် ပုသိမ်မြို့မှ မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ဖျာပုံမြို့နယ်တို့မှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးသို့ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီး ဒေသထွက်ကုန်များကို သယ်ယူပို့ဆောင်နိုင်မည့်အပြင် ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက တံတားကြီး ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်ရှိကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းစောင့်ရှောက် ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ပမ္မဝတီတံတား (မြင်းကဆိပ်)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်တို့က ပမ္မဝတီတံတား(မြင်းကဆိပ်) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ပမ္မဝတီတံတား(မြင်းကဆိပ်)သည် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြ လမ်းပေါ်ရှိ မြင်းကဆိပ်မြစ်ပေါ်တွင် တည်ဆောက်ထားကာ တံတားအရှည်ပေ ၁၂၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ နှစ်လမ်းသွားဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပမ္မဝတီတံတား(မြင်းကဆိပ်) ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ပမ္မဝတီတံတား(မြင်းကဆိပ်)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

# မအူပင်မြို့နယ် လယ်ကိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှု စစ်ဆေး

မအူပင် မတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လယ်ကိုင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးနေထက်ရှိန်နှင့်တာဝန်ရှိသူများသည် လယ်ကိုင်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်း ရာနှုန်းပြည့်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ပေ ၇၈၀၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ကျပ်သိန်း၂၀ ကို အသုံးပြုကာ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၂၂



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဗီယင်နာမြို့အခြေစိုက် ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr. Mag Philip Schonthal အား လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၂၀

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ဗီယင်နာမြို့ အခြေစိုက် ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr. Mag Philip Schonthal ကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ဖြစ်ပေါ် တိုးတက်မှုကို ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာ အသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ အလေးထားဆွေးနွေးခဲ့သည်။

သတင်းစဉ်

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လယ်ဝေးမြို့နယ် သာဝတ္ထိကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၀

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လယ်ဝေးမြို့နယ် သာဝတ္ထိကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါနေရာ၌ကျင်းပရာ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်များအနက်မှ တတိယအချက်ဖြစ်သည့် “နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး” ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားပြီး မျှော်မှန်းသက်တမ်း တိုးတက်မြင့်မားလာစေရန်အတွက် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးဟူသော ရည်မှန်းချက်နှစ်ရပ်ကို ချမှတ်၍ ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာကုသမှုပေးခြင်းဟူသော နည်းနာသုံးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊၊

မိခင်နှင့် ကလေးကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာန၊ တိုက်နယ်/ကျေးလက်ကျန်းမာရေးဌာန/ ကျန်းမာရေးဌာနခွဲများကို ဖွင့်လှစ်ရန် သတ်မှတ်ထားသည့် အခြေခံမူများဖြင့် စိစစ်ပြီး လိုအပ်သည့် နေရာဒေသများတွင် တိုက်နယ်/ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲများ၏ စံကိုက်ဆေးခန်းနှင့် စံကိုက်ဝန်ထမ်းအိမ်ရာများကို ဘဏ္ဍာနှစ်အလိုက် နှစ်စဉ်လျာထားပြီး နိုင်ငံတော်ဘတ်ဂျက်များဖြင့် ဆောက်လုပ်ပေးလျက်ရှိပါကြောင်းနှင့် ယခုကဲ့သို့ (၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် လယ်ဝေးမြို့နယ် သာဝတ္ထိကျေးလက်ကျန်းမာရေးဌာန စံကိုက်ဆေးခန်းနှင့် စံကိုက်ဝန်ထမ်းအိမ်ရာ အဆောက်အအုံ တည်ဆောက်ရေးတွင် ဝိုင်းဝန်းပံ့ပိုးပေးသူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ကျေးလက်နေပြည်သူများ အခြေခံကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီ သာတူညီမျှ ရရှိနိုင်ရန် ကျေးလက်ကျန်းမာရေးဌာနများနှင့် ဌာနခွဲများသည် ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရသည့် အလွန်အရေးပါသည့်ဌာနဖြစ်ပါကြောင်း၊ ဆေးခန်းအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ရေရှည်တည်တံ့ရန်နှင့် ပျက်စီးမှု လျော့နည်းစေရန်အတွက် အုပ်ချုပ်ရေးဌာနများနှင့် ရပ်ရွာနေပြည်သူလူထုက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် သာဝတ္ထိကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံကို ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီရိနွယ်က ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ ဆေးခန်းအတွင်းနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံကို လှည့်လည်ကြည့်ရှုကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း၌ ကျေးလက်ကျန်းမာရေးဌာန ၂၆ ခုရှိပြီး ယခုဖွင့်လှစ်သည့် သာဝတ္ထိကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသည် ၁၁ ခုမြောက် အဆောက်အအုံဖြစ်ကာ အဆိုပါ ကျေးလက်ကျန်းမာရေးဌာနအောက်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲလေးခုရှိပြီး ကျန်းမာရေးဝန်ထမ်း ခုနစ်ဦးက ကျေးရွာ ၂၁ ရွာရှိ ပြည်သူလူထု ၁၇၀၀၀ ကျော်ကို အခြေခံကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ တစ်လုံးနှင့် သုံးခန်းတွဲ တစ်လုံးကို ငွေကျပ် ၁၉၁ ဒသမ ၄ သန်းဖြင့် Nobeline ကုမ္ပဏီက ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ယနေ့နံနက် ၁၁ နာရီတွင် လယ်ဝေးမြို့နယ် သာဝတ္ထိဈေးအတွင်း ပြည်သူများ ဈေးရောင်းချဝယ်ယူမှု၊ ဈေးများအတွင်း သန့်ရှင်းသာယာလှပရေးများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဈေးများအတွင်း မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး၊ သန့်စင်ခန်းများ အမြဲတမ်းသန့်ရှင်းနေစေရေးနှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



(၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ မတ် ၂၀ ရက် နံနက် ၉ နာရီက စုပေါင်းသွေးလှူဒါန်းကြစဉ်။

၂၁၀

# ရန်ကုန်တိုင်းဒေသကြီး ရွှေပေါက်ကံမြို့ ကုန်းဘောင်ဓာတ်အားခွဲရုံ၌ 33/11kV 15MVA ထရန်စဖော်မာ အစားထိုးလဲလှယ်

ရန်ကုန် မတ် ၂၀

ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေး၊ ဓာတ်အားသုံးစွဲသူပြည်သူများ ဗို့အားပြည့်ဝစွာရရှိရေး ဓာတ်အားပြတ်တောက်မှုလျော့နည်းရေး၊ စဉ်ဆက်မပြတ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးတို့အတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ အရှေ့ပိုင်းခရိုင် ရွှေပေါက်ကံရှိ 33/11 kV ကုန်းဘောင်ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော 10MVA ထရန်စဖော်မာသည် မီးသုံးစွဲသူများပြားကာ ဝန်အားနိုင်နင်းမှု နည်းပါးလာသောကြောင့် 33/11kV 10 MVA ထရန်စဖော်မာအား ဝန်အားပိုမိုနိုင်နင်းမှုရှိသည့် 33/11kV15MVA ထရန်စဖော်မာဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို မတ် ၁၉ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဆောင်ရွက်ခဲ့ပြီး အများပြည်သူတို့အား ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ထိုသို့လုပ်ငန်းများဆောက်ရွက်ရာတွင် YESC ရုံးချုပ်မှ ဒုတိယအထွေထွေမန်နေဂျာ(အင်ဂျင်နီယာ)နှင့် တာဝန်ရှိသူများ၊ အရှေ့ပိုင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာ၊ ရွှေပေါက်ကံမြို့ လျှပ်စစ်အင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ကြေးမုံ

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ ဂုဏ်ပြုဆောင်းပါး

# လူသားအားလုံးကျန်းမာဖို့ သစ်တောများကိုထိန်းသိမ်းစို့

**သစ်တောမောင်**




**အပြည်ပြည်ဆိုင်ရာသစ်တောများနေ့**

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ပြည်သူများအကြား သစ်ပင်သစ်တော ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရန်၊ သစ်တောများ၏ အရေးပါသည့် အခန်းကဏ္ဍကို ပိုမိုနားလည်လာစေရန်၊ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာစေရန်နှင့် သစ်ပင်သစ်တောများကို ပိုမိုချစ်ခင်မြတ်နိုးတတ်စေရန် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် A/C.2/67/L.4 ဖြင့် နှစ်စဉ် မတ်လ ၂၁ ရက်နေ့ကို **"အပြည်ပြည်ဆိုင်ရာသစ်တောများနေ့" (International Day of Forests)** အဖြစ် သတ်မှတ်ကြေညာခဲ့သည်။

အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ကို အနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပနိုင်ရန်အတွက် ကြွေးကြော်သံဆောင်ပုဒ်များ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်အတွက် ဆောင်ပုဒ်မှာ **"Healthy Forests for Healthy People" "လူသားအားလုံးကျန်းမာဖို့ သစ်တောများကို ထိန်းသိမ်းစို့"** ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အထိမ်းအမှတ်အခမ်းအနားများကို အနှစ်သာရ ပြည့်ဝစွာ ကျင်းပလျက်ရှိကြသည်။ လူသားများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို မြှင့်တင်ရာတွင်လည်းကောင်း၊ ကမ္ဘာ့လူသားအားလုံးအတွက် စားဝတ်နေရေး၊ စားရေရိက္ခာဖူလုံရေးနှင့်လူမှုဘဝသာယာဝပြောရေးတို့အတွက် မရှိမဖြစ်အရေးပါသော သစ်တောများကို ထိန်းသိမ်းကာကွယ်ရာတွင်လည်းကောင်း ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်ရန် သစ်တောများ၏ အရေးပါသော အခန်းကဏ္ဍကို ပိုမိုအလေးထား သတိပြုလာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

**သစ်တောများနှင့် ပြည်သူလူထုကျန်းမာရေး**

သစ်တောများသည် လူသားများ၏ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော အစားအစာနှင့် ဆေးဝါးများအား ထောက်ပံ့ပေးစွမ်းလျက်ရှိသည်။ သစ်တောများသည် ကမ္ဘာတစ်ဝန်းရှိသန်းနှင့်ချီသော လူများအတွက် အရေးကြီးသည့် အစာအာဟာရအရင်းအမြစ်တစ်ခုလည်းဖြစ်ပြီး သစ်တောများမှ ရရှိသည့် အခြေခံအစားအစာများသည် လူသားများအတွက် အရေးကြီးသော အာဟာရနှင့် ဝင်ငွေအရင်းအမြစ်များဖြစ်ကြသည်။ သစ်တောများမှရရှိသော သစ်သီးသစ်ရွက်များ၊ အစေ့အဆန်များနှင့် အခွံမာသီးများ၊ သစ်ဥသစ်ဖုများ၊ မျှစ်၊ မှို၊ ပျားရည်စသော အစားအစာများ၊ ဆေးဖက်ဝင်အပင်များသည် လူသားများအတွက် အာဟာရပြည့်ဝရေးများစွာ အထောက်အပံ့ပေးလျက်ရှိသည်။ အာဟာရပြည့်ဝသော အသီးအနှံ၊ အစားအစာများကို စားသုံးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုစေသည်။

ရှေးနှစ်ပေါင်းများစွာမှစ၍ ယနေ့တိုင် ကမ္ဘာတစ်ဝန်း တွင်ကျယ်စွာ အသုံးပြုနေကြသည့် တိုင်းရင်းဆေးဝါးများသည် သစ်တောသစ်ပင်များမှ ရရှိကြခြင်းဖြစ်သည်။ "နွယ်မြက်သစ်ပင် ဆေးဖက်ဝင်" ဆိုသကဲ့သို့ ကျန်းမာရေးအတွက် နွယ်ပင်၊ မြက်ပင်အပါအဝင် အပင်အမျိုးမျိုးကို ဆေးအဖြစ် သုံးစွဲခဲ့ကြရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အဆိုအရ ကမ္ဘာ့လူဦးရေ၏ ၈၀ ရာခိုင်နှုန်းသည် တိုင်းရင်းဆေးကို မှီခိုနေရဆဲဖြစ်ပြီး အများစုမှာ သစ်တောသစ်ပင်များမှ ရရှိကြသည်။ ကမ္ဘာတစ်ဝန်းတွင် ဆေးဘက်ဆိုင်ရာ ရည်ရွယ်ချက်များအတွက် အပင်မျိုးစိတ်ပေါင်း ၅၀၀၀၀ ခန့်အထိ အသုံးချနိုင်ခဲ့ကြောင်း သိရသည်။ အထူးသဖြင့် အပူပိုင်းသစ်တောများသည် လူသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀၈ သန်းနှင့် ညီမျှသော ဆေးဖက်ဝင်အပင်များကို ထောက်ပံ့လျက်ရှိသည်။

ယနေ့ နောက်ဆုံးပေါ် ဆေးဝါးများ၏ ၂၅ ရာခိုင်နှုန်းကျော်သည် အပူပိုင်းသစ်တောများမှ ရရှိကြသည်။ ကမ္ဘာတစ်ဝန်းတွင် လူဦးရေ တစ်ဘီလီယံကျော်သည် ဆေးဖက်ဝင်အပင်များအား ကလေးငယ်များ ဝမ်းလျှောခြင်းရောဂါကို ကုသရန် အိမ်သုံးဆေးကုထုံးအဖြစ် အသုံးပြုလျက်ရှိကြသည်။ ထို့ပြင် တရုတ်နိုင်ငံတွင် သဘာဝအပင်မျိုးစိတ်ပေါင်း ၂၆၀၀၀ ကျော်ထဲမှ ၅၀၀၀ နီးပါးကို ရိုးရာဆေးဝါးများအဖြစ် အသုံးပြုလျက်ရှိကြောင်း သိရသည်။ ထို့အတူ မြန်မာနိုင်ငံတွင် သဘာဝအပင်မျိုးစိတ် ၅၀၀ နီးပါး၏ ဆေးဖက်ဝင်မှုကို သိပ္ပံနည်းကျ လေ့လာမှတ်တမ်းတင်ထားရှိပြီးဖြစ်ကာ အများစုကို အသုံးပြုလျက်ရှိသည်။

ယခုအခါတွင် သစ်တောပြုန်းတီးခြင်း၊ မြေယာအသုံးပြုမှုပြောင်းလဲခြင်း၊ သစ်တောနယ်မြေများအတွင်းသို့ လူသားများ အခြေချဝင်ရောက်နေထိုင်ခြင်းနှင့် တရားမဝင် တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်ဖောက်ကားခြင်း၊ လူနှင့်တိရစ္ဆာန်ထိတွေ့မှုများလာခြင်း စသည့်အကြောင်းရင်းများကြောင့် Zoonotic Diseases ဟုခေါ်သော တောရိုင်းတိရစ္ဆာန်များနှင့် အိမ်မွေးတိရစ္ဆာန်များမှတစ်ဆင့် ရောဂါပိုးမွှားများပြန့်ပွားရန် အလားအလာများ တိုးမြင့်လာခဲ့သည်။ လူသားများ၏ ကျန်းမာရေးကို ထိခိုက်နိုင်သော အခြေအနေများကို ရင်ဆိုင်ရလျက်ရှိသည်။

ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ ဂေဟစနစ်များ ပျက်စီးခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်းတို့ကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်စေနိုင်သည်။ အဆိုပါပြဿနာများသည် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေး၊ HIV၊ အီဘိုလာဗိုင်းရပ်စ်နှင့် ကိုဗစ်-၁၉ ကဲ့သို့သော ကူးစက်ရောဂါများနှင့် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်ဆက်စပ်လျက်ရှိပြီး ကျန်းမာရေးနှင့် လူမှုစီးပွား ဆိုးကျိုးအန္တရာယ်များကို ဖြစ်ပေါ်စေသည်။

သစ်တောပြုန်းတီးခြင်း (Deforestation) နှင့် သစ်တောများ အပိုင်းပိုင်းပြတ်တောက်ခြင်း (Forest Fragmentation) များကြောင့် တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ ဆုံးရှုံးပျောက်ကွယ်ပြီး လူများအခြေချနေထိုင်ရာ မြို့ရွာများနှင့် နီးကပ်စွာလာရောက်နေထိုင်ခြင်း၊ လူသားနှင့်တောရိုင်းတိရစ္ဆာန်ပဋိပက္ခများ မြင့်တက်လာခြင်းတို့ ဖြစ်ပေါ်လာနိုင်ပြီး ရောဂါကူးစက်နိုင်မှုအန္တရာယ်မှာလည်း မြင့်တက်လာစေမည်ဖြစ်သည်။ လူသားများအကြား ကူးစက်တတ်သောရောဂါအားလုံး၏ ၇၀ ရာခိုင်နှုန်းသည် တောရိုင်းတိရစ္ဆာန်များမှတစ်ဆင့် ကူးစက်လာခြင်းဖြစ်သဖြင့် လူသားများကျန်းမာရေးအတွက် တောရိုင်းတိရစ္ဆာန်များ၏နေရင်းဒေသများဖြစ်သော သဘာဝသစ်တောများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ထိန်းသိမ်းကြရမည်ဖြစ်သည်။

အဆိုပါ ပြဿနာများအား ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ခုအနေဖြင့် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို ကျန်းမာရေးချဉ်းကပ်မှုနည်းလမ်းတစ်ခု (One Health Approach) အဖြစ် ထည့်သွင်းစဉ်းစားပြီး ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သစ်တောများနှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးကဏ္ဍတွင် One Health Approach လုပ်ဆောင်ချက်များသည် ရောဂါအန္တရာယ် စီမံခန့်ခွဲမှုများအတွက် အလွန်ထိရောက်နိုင်သဖြင့် သစ်တောများနှင့် ဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ယခုအခါ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သစ်တောကို အခြေခံသော ရောဂါကုထုံးများ (Forest Therapy သို့မဟုတ် Forest Bathing) အဖြစ် ရောဂါများကို ကုသလျက်ရှိသည်။

သစ်တောများမှ စားရေရိက္ခာနှင့် ဆေးဝါးများ ပံ့ပိုးပေးသည့်အခန်းကဏ္ဍအပြင် လူသားများ၏ စားဝတ်နေရေးကို မြှင့်တင်ပေးသည့် အခြားသော ဝန်ဆောင်မှုများကို ပေးစွမ်းလျက်ရှိသည်။ ဥပမာ- သစ်တောများသည် နေအိမ်အဆောက်အအုံဆောက်လုပ်ရေး၊ ဇီဝလောင်စာရရှိရေး၊ သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲနိုင်ရေးတို့အတွက် အထူးအရေးပါသည်။ သစ်တောများသည် စိုက်ပျိုးသီးနှံများ ကောင်းမွန်စွာ ထွက်ရှိနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော ဝတ်မှုန်ကူးခြင်းကဲ့သို့သော ဂေဟစနစ် ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် သစ်တောများသည် လူသားများ၏ ကျန်းမာရေးကို မြှင့်တင်ပေးသည့် ယဉ်ကျေးမှုနှင့် အပန်းဖြေမှုဆိုင်ရာ အကျိုးကျေးဇူးများကို ပံ့ပိုးပေးလျက်ရှိသည်။ ထို့ကြောင့် သစ်တောသယံဇာတများမှ ရရှိသည့် အစားအစာနှင့် ဆေးဝါးများသည် ပြည်သူလူထုအား အကျိုးပြုသည့် အထောက်အပံ့များဖြစ်သောကြောင့် အထူးအလေးထား ထိန်းသိမ်းကြရန်လိုအပ်သည်။

စာမျက်နှာ ၁၁ သို့ ✤



**"သစ်တောများမှ စားရေရိက္ခာနှင့် ဆေးဝါးများ ပံ့ပိုးပေးသည့် အခန်းကဏ္ဍအပြင် လူသားများ၏ စားဝတ်နေရေးကို မြှင့်တင်ပေးသည့် အခြားသော ဝန်ဆောင်မှုများကို ပေးစွမ်းလျက်ရှိသည်။ ဥပမာ - သစ်တောများသည် နေအိမ်အဆောက်အအုံဆောက်လုပ်ရေး၊ ဇီဝလောင်စာရရှိရေး၊ သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲနိုင်ရေးတို့အတွက် အထူးအရေးပါ"**

❖ စာမျက်နှာ ၁၀ မှ

**သန့်ရှင်းသော သောက်သုံးရေရရှိရေး**

သစ်တောများက ပံ့ပိုးပေးသော ဝန်ဆောင်မှုများ အနက် အလွန်အရေးကြီးသည့် ဝန်ဆောင်မှုတစ်ခုမှာ သန့်ရှင်းသော သောက်သုံးရေရရှိခြင်းဖြစ်သည်။ သစ်တောသစ်ပင်များသည် မြေဆီလွှာနှင့် သဘာဝ သစ်တောများမှတစ်ဆင့် စီးဆင်းသွားသည့် ရေတွင် ပါဝင်သော ညစ်ညမ်းမှုများကို ဖယ်ရှားပေးသည့် သဘာဝရေစစ်များ (Natural Filter) ဖြစ်သည်။ ထို့အပြင် မြေကြီးထဲသို့ တဖြည်းဖြည်းစိမ့်ဝင်လာသည့် မိုးရေများကို စုဆောင်းသိမ်းဆည်းကာ မြေပေါ်မြေအောက် ရေအရင်းအမြစ်များအား ပြန်လည်အားဖြည့်ပေးခြင်းဖြင့် လူသားများအတွက် အထောက်အပံ့ပြုလျက်ရှိသည်။

သစ်တောများ ဖုံးလွှမ်းလျက်ရှိသော ရေဝေရေလဲဒေသများ (Watershed Areas) နှင့် ရေတိမ်ဒေသများ (Wetlands) သည် ရေအရင်းအမြစ်များ ထိန်းသိမ်းပေးလျက်ရှိပြီး ကမ္ဘာ့ရေချိုပမာဏ၏ ၇၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိသည်။ ကမ္ဘာ့အကြီးဆုံးမြို့တော်ကြီးများ၏ သုံးပုံတစ်ပုံသည် ၎င်းတို့အတွက် လိုအပ်သည့် သောက်သုံးရေ ရာခိုင်နှုန်းအများစုကို သစ်တောများဖုံးလွှမ်းနေသော သဘာဝထိန်းသိမ်းရေးနယ်မြေများမှ ရရှိသည်။ ထို့ကြောင့် ရေဝေရေလဲဒေသ သစ်တောများသည် မြေပေါ်၊ မြေအောက် ရေသယံဇာတများထိန်းသိမ်းရေး၊ လူသားများ၏ ကျန်းမာရေးနှင့် ရှင်သန်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်သော ရေချိုအရင်းအမြစ်များဖြစ်သည့် မြစ်၊ ချောင်း၊ အင်းအိုင်များ၊ ဆည်တမံများ၊ ရေတိမ်ဒေသများ ရေရှည်တည်တံ့ရေးအတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

**❝သစ်တောများက အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများသည် သက်ရှိလောကအတွက် မရှိမဖြစ်လိုအပ်ပြီး ငွေကြေးအားဖြင့် တန်ဖိုးဖြတ်၍မရနိုင်အောင် အဖိုးတန်လှသည်။ နွယ်ပင်၊ မြက်ပင်မှ အစပြုပြီး အပင်မှန်သမျှ တန်ဖိုးအသီးသီးရှိကြသဖြင့် အဆိုပါတန်ဖိုးများကို သိရှိနားလည်ကာ တန်ဖိုးထားထိန်းသိမ်းရန်လိုအပ်❞**

**လေကောင်းလေသန့်ရရှိရေး**

သစ်ပင်သစ်တောများသည် အစာချက်လုပ်မှု လုပ်ငန်းစဉ် (Photosynthesis) မှတစ်ဆင့် သက်ရှိများအတွက် လိုအပ်သော အောက်ဆီဂျင်ကို ထုတ်ပေးပြီး လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူသိုလှောင်ပေးသည့်အတွက် လူသားများအပါအဝင် သက်ရှိအားလုံး ရှင်သန်ရေးအတွက် မရှိမဖြစ် အလွန်အရေးပါသည်။ သစ်တောများသည် သက်ရှိများ နေ့စဉ်ရှုရှိုက်နေသောလေကိုသန့်စင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လေထုအတွင်းရှိ အန္တရာယ်ဖြစ်စေသည့် ညစ်ညမ်းမှုများ၊ အလွန်သေးငယ်သည့် အမှုန်အမွှားများကို မြို့ပြသစ်တော၊ သစ်ပင်များက ဖယ်ရှားပေးခြင်းဖြင့် လူသားများ၏ ကျန်းမာရေးကို အထောက်အကူပြုလျက်ရှိသည်။

လေထုညစ်ညမ်းခြင်းကြောင့် လူ့ကျန်းမာရေးကို ထိခိုက်စေပြီး အသက်ရှူလမ်းကြောင်းနှင့် နှလုံးသွေးကြောဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။ လေထုညစ်ညမ်းမှုကြောင့် တစ်ကမ္ဘာလုံးတွင် နှစ်စဉ် လူပေါင်း ၄ ဒသမ ၂ သန်းခန့် အသက်ဆုံးရှုံးရသည့်အန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစီရင်ခံစာအရ သိရသည်။ လူသားများ အသက်ရှင်သန်ရေးနှင့် ကျန်းမာရေး ကောင်းမွန်စေရန်အတွက် အချိန်တိုင်း ရှုရှိုက်နေရသောလေ၏ အရည်အသွေးကောင်းမွန်စေရန် သစ်တောများ၏ အရေးကြီးသောအခန်းကဏ္ဍကို အသိအမှတ်ပြုကြရမည်ဖြစ်သည်။

**ရာသီဥတုပြောင်းလဲမှုလျှော့ချရေး**

အပူချိန်အလွန်အမင်းမြင့်မားခြင်း၊ အလွန်အမင်းနိမ့်ကျခြင်း၊ မိုးရေချိန် အလွန်အမင်းများပြားခြင်း၊ မိုးခေါင်ခြင်း အစရှိသော ရာသီဥတုပြောင်းလဲမှုများကြောင့် လူသားများ၏ ကျန်းမာရေးအတွက် ဆိုးကျိုးများစွာ ဖြစ်ပေါ်စေသည်။ သစ်တောများသည် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ အပါအဝင် နောက်ဆက်တွဲ သက်ရောက်မှုများ လျော့ပါးသက်သာစေရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သစ်တောသစ်ပင်များသည် ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသော လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို ဖယ်ရှားပေးခြင်း၊ သစ်သား၊ သစ်ရွက်များနှင့် အမြစ်များတွင် ကာဗွန်ကိုသိုလှောင်ပေးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးလျက်ရှိသည်။ ထို့ကြောင့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (Reducing Emissions from Deforestation and Forest Degradation–REDD+) ကဲ့သို့ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ကမ္ဘာတစ်ဝန်း သစ်တောကြွယ်ဝသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လာကြသည်။

**သစ်တောသယံဇာတများထိန်းသိမ်းရေး**

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောပြုန်းတီးမှုလျှော့ချရေးနှင့် သစ်တောများ ထာဝစဉ်တည်တံ့စေရေးတို့အတွက် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် –

❖ ၂၀၂၁–၂၀၂၂ နှင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်တို့တွင် သစ်ထုတ်လုပ်မှု လုံးဝရပ်ဆိုင်းခဲ့ပြီး သစ်တောကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပြန်လည်ဆန်းစစ်ခြင်းနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊
❖ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ပဲခူးရိုးမဒေသတွင် သစ်ထုတ်လုပ်မှု (၁၀) နှစ် ရပ်ဆိုင်းခြင်းနှင့် သစ်တောများ အရှိန်အဟုန်ဖြင့် စိုက်ပျိုးထိန်းသိမ်းပြုစုခြင်း၊
❖ ထာဝစဉ်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုစနစ်ဖြစ်သည့် မြန်မာ့ရွေးချယ်စနစ် (Myanmar Selection System–MSS) ကို ကျင့်သုံးပြီး ကျွန်းနှင့်သစ်မာများ ထုတ်လုပ်ရာတွင် နှစ်စဉ်တောထွက် (Annual Allowable Cut–AAC) ပမာဏထက် လျှော့နည်းပြီး ထုတ်ယူခဲ့ခြင်း၊
❖ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇–၂၀၁၈ မှ ၂၀၂၆–၂၀၂၇) ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အကောင်အထည်ဖော်ခြင်း၊
❖ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်းလုပ်ငန်း အစီအစဉ် (၂၀၁၉–၂၀၂၀ မှ ၂၀၂၈–၂၀၂၉ အထိ) အကောင်အထည်ဖော်ခြင်း၊
❖ အမြဲတမ်းသစ်တောနယ်မြေများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းနိုင်ရန် စနစ်တကျအစီအစဉ်ရေးဆွဲဆောင်ရွက်လျက်ရှိခြင်း၊
❖ ပြည်သူဗဟိုပြု သစ်တောလုပ်ငန်းတစ်ခုဖြစ်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း (Community Forestry–CF) ကို နှစ် (၃၀) အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းလျာထားချက်နှင့်အညီ ဧရိယာဧက ၂ ဒသမ ၂၇ သန်း တည်ထောင်နိုင်ရေး စနစ်တကျ တည်ထောင်ဆောင်ရွက်လျက်ရှိခြင်း၊
❖ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းလုပ်ငန်း (REDD+) ကို နိုင်ငံအဆင့် အစီအစဉ်များ အကောင်အထည်ဖော်လျက်ရှိခြင်း အစရှိသော လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

**လူသားအားလုံးကျန်းမာဖို့ သစ်တောများကို ထိန်းသိမ်းစို့**

သစ်တောများက အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများသည် သက်ရှိလောကအတွက် မရှိမဖြစ်လိုအပ်ပြီး ငွေကြေးအားဖြင့် တန်ဖိုးဖြတ်၍မရနိုင်အောင် အဖိုးတန်လှသည်။ နွယ်ပင်၊ မြက်ပင်မှအစပြုပြီး အပင်မှန်သမျှ တန်ဖိုးအသီးသီးရှိကြသဖြင့် အဆိုပါတန်ဖိုးများကို သိရှိနားလည်ကာ တန်ဖိုးထားထိန်းသိမ်းရန်လိုအပ်သည်။

**"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"** အတွက် အထောက်အကူပြုနိုင်အောင် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေး၊ သစ်တောများ ပြန်လည်တည်ထောင်ရေးနှင့် ဂေဟစနစ်တည်ငြိမ်ရေးတို့ကို အလေးပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတစ်ဝန်း သစ်တောများဖုံးလွှမ်းလျက် စိမ်းလန်းစိုပြည်သာယာမှသာလျှင် ရာသီဥတုမျှတကောင်းမွန်ကာ စားရေရိက္ခာအထွက်တိုးပြီး တိုင်းပြည်သာယာဝပြောလျက် ပြည်သူလူထုအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြမည်ဖြစ်သည်။



သစ်တောထိန်းသိမ်းရေး လုပ်ငန်းများ အောင်မြင်စေရန်အတွက် သက်ဆိုင်ရာ အစိုးရဌာနများသာမက ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်မှသာ အပြည့်အဝ အောင်မြင်မှုရနိုင်မည်ဖြစ်သည်။ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများမှ သစ်တောသစ်ပင်များသာ အရေးကြီးသည်မဟုတ်ဘဲ သစ်တောနယ်မြေပြင်ပမှ သစ်ပင်များ၏ အခန်းကဏ္ဍကိုလည်း အထူးအလေးထားထိန်းသိမ်းကြရမည်ဖြစ်သည်။

ကျေးလက်ပြည်သူများအနေဖြင့် မိမိလယ်ယာခြံမြေ၊ ကျေးရွာများတွင် ရနိုင်သမျှသော မြေနေရာပေါ်တွင် ဘက်စုံသုံးသစ်ပင်များ စိုက်ပျိုးခြင်း၊ မိမိအိမ်ထောင်စုနှင့် မိမိကျေးရွာလိုအပ်ချက်အတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်သုံးစွဲခြင်း၊ သစ်၊ ထင်း၊ ဝါး လိုအပ်ချက်ဖြည့်ဆည်းနိုင်ရေးအတွက် တစ်အုပ်တစ်မ စိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောကျန်များထိန်းသိမ်းခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (Agroforestry)၊ မြို့ပြနေပြည်သူများအနေဖြင့် မျက်စိပသာဒဖြစ်စေရန်နှင့် အရိပ်ရအေးမြစေရေးအတွက် သစ်ပင်ပန်းပင်များ စိုက်ပျိုးခြင်း၊ သစ်မျိုးစုံဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ခြင်း၊ အစိမ်းရောင်နယ်မြေများ (Green Zone) သတ်မှတ်၍ အရိပ်ရအပင်များ၊ မြို့ပြတောအုပ်ငယ်များ စိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**"တစ်သက်တာ စိတ်ချမ်းသာလိုလျှင် သစ်ပင်စိုက်ပါ"** ဆိုသည့် စကားနှင့်အညီ စိတ်ချမ်းသာကိုယ်ကျန်းမာစေရေးအတွက် လူတိုင်းလူတိုင်း သစ်ပင်စိုက်ရန် လိုအပ်သည်။ "ယခုအချိန်သည် သစ်ပင်စိုက်ရန် အကောင်းဆုံးအချိန်ဖြစ်သည်" ဆိုသည့် ဆိုရိုးနှင့်အညီ ကျွန်ုပ်တို့အတွက်၊ ကျွန်ုပ်တို့၏ အနာဂတ်မျိုးဆက်သစ်များအတွက်၊ ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးအတွက် ကျွန်ုပ်တို့အားလုံးသစ်ပင်စိုက်ကြရပါမည်။

ရာသီဥတု ကောင်းမွန်သာယာမျှတစေရန်၊ စားရေရိက္ခာဖူလုံစေရန်၊ သစ်ထင်းဝါး လောင်စာစွမ်းအင် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်၊ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးပွားစေရန် ကျွန်ုပ်တို့အားလုံး သစ်ပင်စိုက်ပျိုးကြရပါမည်။ သစ်တောများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရပါမည်။ တစ်ပင်စိုက်လျှင် တစ်ပင်ရှင်သန်အောင် ပြုစုထိန်းသိမ်းကြရပါမည်။ **"Healthy Forests for Healthy People" "လူသားအားလုံးကျန်းမာဖို့ သစ်တောများကိုထိန်းသိမ်းစို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ လူသားများကျန်းမာရေးအတွက် အကျိုးပြုလျက်ရှိသော သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းရင်း ၂၀၂၃ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ကို ဂုဏ်ပြုရေးသားလိုက်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် မုံရွာစီးပွားရေးတက္ကသိုလ်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ



နေပြည်တော် မတ် ၂၀

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယမန်နေ့ နံနက် ၁၁ နာရီတွင် မုံရွာမြို့ ချမ်းမြဝတီရပ်ကွက် မေတ္တာရိပ်မြုံလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ရုံးပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်မေမျိုးဇော်က ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၏ လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများ တိုးမြင့်လာစေရန်၊ စီးပွားရေးလုပ်ငန်းများကိုပြန်လည်ထူထောင်ပေးရန်၊ တတ်စွမ်းသမျှ ပညာပေးရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ ဝန်ထမ်းများ၏ လုံခြုံရေး၊ ရုံးလုံခြုံရေးနှင့် ဝန်ထမ်းများ၏သက်သာချောင်ချိရေးနှင့်ပတ်သက်၍ အလေးပေးဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မုံရွာစီးပွားရေးတက္ကသိုလ်သို့ သွားရောက်ပြီး ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများကိုတွေ့ဆုံပြီး မုံရွာစီးပွားရေးတက္ကသိုလ်တွင် ဖွင့်လှစ်သည့် လုပ်ငန်းသုံး စီးပွားရေးပညာမဟာဘွဲ့များနှင့် ဒေသစီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီလုပ်ငန်းများ ဖွံ့ဖြိုးရေးကို ဆက်စပ်သင်ကြားပေးရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ သင်တန်းအမှတ်စဉ်(၅)သင်တန်း ဖွင့်လှစ်



နေပြည်တော် မတ် ၂၀

မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့(MDRT) သင်တန်းအမှတ်စဉ်(၅)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ယခုသင်တန်းအပတ်စဉ်၌ ဆွေးနွေးပို့ချမည့် သင်ခန်းစာများတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လက ရေးဆွဲထုတ်ပြန်ခဲ့သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတည်မြဲအမိန့်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ထားသည့် မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့ အနေဖြင့် ပြည်တွင်း၌ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ဘေးတုံ့ပြန်ရေးလုပ်ငန်းများ၊ ဆန်းစစ်လေ့လာရေးလုပ်ငန်းများနှင့် ညှိနှိုင်းပေါင်းစပ်မှုလုပ်ငန်းများဆောင်ရွက်သည့် နေရာများတွင် နိုင်ငံ၏အရေးပါသည့်အဖွဲ့ ဖြစ်လာစေရန် မျှော်မှန်းထားကြောင်း ပြောကြားသည်။

မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့ သင်တန်းကို မတ် ၂၀ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယခုသင်တန်းသည် ပြည်ထောင်စုအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများအတွက် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင် ရှိသည့် လုပ်ငန်းကော်မတီအသီးသီးတွင် တာဝန်ယူ ဆောင်ရွက်နေသည့် ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ကိုယ်စားလှယ်များကို အဓိကဦးတည် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကြည့်ရှု**

သင်တန်းဖွင့်ပွဲ အပြီးတွင် ပြည်ထောင်စု ဝန်ကြီးသည် နေပြည်တော်အတွင်းရှိ ဥတ္တရသီရိ မူလတန်းကြိုကျောင်း၊ သီရိရတနာ မူလတန်းကြိုကျောင်း၊ ရင်သွေးရတနာ မူလတန်းကြိုကျောင်း၊ တော်ဝင်ရတနာ မူလတန်းကြိုကျောင်း၊ နန်းထိုက်ရတနာ မူလတန်းကြိုကျောင်းနှင့် အမျိုးသားလွှတ်တော် မူလတန်းကြိုကျောင်းတို့သို့ သွားရောက်၍ မူကြိုကလေးငယ်များကို သင်ကြားလေ့ကျင့်ပေးနေမှု၊ ကျောင်းအဆောက်အအုံများ၏ အခြေအနေနှင့် ကျောင်းသားဝင်ဆံ့မှု အခြေအနေကို ကြည့်ရှုကာ ဝန်ထမ်းများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံ၍ ကလေးငယ်များ၏ ဘက်စုံဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန နေပြည်တော်တိုင်းဦးစီးမှူးရုံးနှင့် နေပြည်တော် ကလေးပြုစုရေးဌာနတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇီးကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်ပိုင် ဆီစက်မှ မြေပဲနှင့် နှမ်းများ ကြိတ်ခွဲဖြန့်ဖြူး

နေပြည်တော် မတ် ၂၀

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် ဈေးလမ်းရှိ မြို့နယ်သမဝါယမအသင်းစုလီမိတက်ပိုင် ဆီစက်သည် မြေပဲနှင့် နှမ်းများကို ကြိတ်ခွဲဆောင်ရွက်လျက်ရှိသည်။

ဆီကြိတ်ခွဲမှုအနေဖြင့် မြေပဲတစ်တင်းကြိတ်ခွဲလျှင် မြေပဲဆီ ၇ ဒသမ ၆၀ ပိဿာနှင့် နှမ်းတစ်တင်းကြိတ်ခွဲလျှင် နှမ်းဆီ ၆ ဒသမ ၃၀ ပိဿာ ကြိတ်ခွဲနိုင်သည်။ တစ်နေ့လျှင် နှမ်းဆီ ၆၃ ပိဿာခန့်ထွက်ရှိပြီး ဆီစက်အတွက် လိုအပ်သော ကုန်ကြမ်းများဖြစ်သည့် မြေပဲများကို ပေါင်းတည်ပွဲရုံနှင့် နှမ်းများကို ကြို့ပင်ကောက်မြို့မှ ဝယ်ယူကြိတ်ခွဲလျက်ရှိပြီး ထွက်ရှိလာသည့် နှမ်းဆီနှင့် မြေပဲဆီများကို အသင်းသားပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၂၀

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]၊ ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]နှင့် ရခိုင်အမျိုးသားပါတီ (Arakan National Party)**တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ခြောက်ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားသောပါတီ ၂၆ ပါတီဖြစ်၍ စုစုပေါင်း ၃၂ ပါတီ ဖြစ်သည်။ ယင်း ၃၂ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ရှစ်ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၂၄ ပါတီဖြစ်ပြီး အဆိုပါပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေဘာသာပြန်စာအုပ် အမှတ်(၉) ရာဇသတ်ကြီး(မြန်မာ-အင်္ဂလိပ်) စာအုပ် ထုတ်ဝေ

နေပြည်တော် မတ် ၂၀

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ ပြန်ဆိုပြီးသည့်ဥပဒေများကို စာအုပ်ထုတ်ဝေလျက်ရှိရာ ဘာသာပြန်စာအုပ် အမှတ်(၉)ရာဇသတ်ကြီးစာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေအရ ၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်သည်။

ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အင်္ဂလိပ် ကိုလိုနီခေတ်က အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုလျက်ရှိရာ ၁၈၆၀ ခုနှစ်ကပြဋ္ဌာန်းခဲ့သော Penal Code ကို ရာဇသတ်ကြီးအဖြစ် ထုတ်ဝေခြင်းဖြစ်ပြီး အဆိုပါရာဇသတ်ကြီးစာအုပ်သည် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂ အရ မူလစာမူနှင့် အလားတူအာဏာတည်ကြောင်း၊ ၁၆-၉-၂၀၂၁ ရက်နေ့တွင် ဥပဒေဘာသာပြန်ကော်မရှင်ဥက္ကဋ္ဌက အမိန့်အမှတ် ၇/၂၀၂၁ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဥပဒေလေ့လာဖတ်ရှုလိုသူများ ပိုမိုအဆင်ပြေစေရေးအတွက် အဆိုပါ ရာဇသတ်ကြီးစာအုပ်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ထပ်မံပုံနှိပ်ထုတ်ဝေထားကြောင်းနှင့် ရာဇသတ်ကြီး (မြန်မာ-အင်္ဂလိပ်) စာအုပ်သည် တရားဝင်ကိုးကားသုံးစွဲနိုင်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် အဖိုးတန်သောစာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး လူတိုင်းအတွက် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ တွေ့ဆုံ

**နေပြည်တော် မတ် ၂၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံပြီး လာမည့်ပညာသင်နှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။






တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်း စာမေးပွဲ၊ တက္ကသိုလ်ဝင်စာမေးပွဲ၊ ပညာရေးဒီဂရီကောလိပ် စာမေးပွဲနှင့် တက္ကသိုလ်စာမေးပွဲများကို ဆရာ ဆရာမ၊ ပညာရေးမိသားစုများ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီဖြစ်ကြောင်း၊ အောင်မြင်မှုများအတွက် ကျရာအခန်းကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ဆရာ ဆရာမများအားလုံးကို အထူးကျေးဇူးတင်ကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ကို အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ပြီဖြစ်၍ လာမည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အောင်မြင်စွာဖြတ်သန်းနိုင်ရေးအတွက် ယခုကာလကတည်းက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

လာမည့် မေ ၂၃ ရက်တွင် အခြေခံပညာ ကျောင်းအပ်နှံရေးသီတင်းပတ်ကို စတင်ဆောင်ရွက်မည်ဖြစ်သကဲ့သို့ အဆင့်မြင့်ပညာ တက္ကသိုလ်များတွင်လည်း ပထမနှစ် (ဒုတိယနှစ်ဝက်) ကျောင်းသားကျောင်းသူများသည် ၂၀၂၃ ခုနှစ် မေ ၂၃ ရက်မှ စတင်၍ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များသို့ ဆက်သွယ်သတင်းပေးပို့ရန်နှင့် ဒုတိယနှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကို မေ ၂၃ ရက်မှစတင်၍ ကျောင်းအပ်နှံလက်ခံရန် လျာထားပါကြောင်း၊ လာမည့်မေလတွင် Grade-12 နှင့် Grade-9 စနစ်သစ် သင်ရိုးသစ်ဗဟိုအဆင့်သင်တန်းများကို တက္ကသိုလ်များမှ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ တက်ရောက်ကြရမည်ဖြစ်ပြီး သင်တန်းပြီးပါက မိမိတို့ တက္ကသိုလ်အလိုက် သတ်မှတ်ထားသော ခရိုင်၊ မြို့နယ်များမှ အခြေခံပညာ အထက်တန်းပြ ဆရာ ဆရာမများကို ဆင့်ပွားပို့ချသင်ကြားပေးကြရမည်ဖြစ်ကြောင်း။

မေလဆန်း၌ ပညာရေးဝန်ကြီးဌာန၏ ပညာရေးညီလာခံကို ကျင်းပသွားမည်ဖြစ်ပြီး အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ ဆရာအတတ်ပညာကဏ္ဍ၊ ဦးစီးဌာနများကဏ္ဍနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်းများကဏ္ဍစုံတို့ ပါဝင်၍ စာတမ်းဖတ်ကြားခြင်း၊ ပြခန်းများဖွင့်လှစ်ပြသခြင်းတို့ဖြင့် ပါဝင်ဆင်နွှဲကြစေလိုကြောင်း၊ လာမည့် ဇွန်လ နောက်ဆုံးပတ်တွင် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ကျင်းပရန် လျာထားသဖြင့် ပညာရေးဝန်ကြီးဌာနက လက်ရွေးစင်ဘောလုံးအသင်း နှစ်သင်းဖြင့် ပါဝင်ယှဉ်ပြိုင်သွားနိုင်ရန် အသင့်ပြင်ဆင် လေ့ကျင့်ထားကြစေလိုကြောင်း၊ လာမည့် ဇူလိုင်လတွင် နိုင်ငံတကာ သုတေသနစာတမ်းဖတ်ပွဲ (International Research Symposium) ကျင်းပမည်ဖြစ်၍ တက္ကသိုလ်များအနေဖြင့် ပြည်တွင်း၊ ပြည်ပ စာတမ်းရှင်များ ဆက်သွယ်ဖိတ်ကြားရေး၊ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် ခေါင်းစဉ်သတ်မှတ်နိုင်ရေး၊ တက္ကသိုလ်အလိုက် နိုင်ငံအကျိုးပြု စာတမ်းများ ဖတ်ကြားတင်သွင်းနိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြစေလိုကြောင်း၊ အလားတူ ပထမအကြိမ် ဝန်ကြီးဌာနအဆင့် သုတေသနပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသော MSME အကျိုးပြုသုတေသနများကို စိစစ်ရွေးချယ်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်လျာထားချက်များကို အသေးစိတ်ရှင်းလင်းပြီး အမြဲတမ်းအတွင်းဝန်က အကြံပြုဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၁/၂၀၂၃)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနက ဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၂၃)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပသည်။



**တိုက်တွန်းပြောကြား**

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက Information and Communications Technology(ICT) ခေတ်ဖြစ်သည့်အတွက် ကွန်ပျူတာနည်းပညာကို မဖြစ်မနေ သိရှိနားလည်ထားရန်လိုအပ်ကြောင်း၊ တိုးတက်ပြောင်းလဲနေသည့်ခေတ် ဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် နည်းပညာနှင့် ပတ်သက်သည့် ပညာရပ်များ၊ အသိပညာ၊ အတတ်ပညာများနှင့် ဗဟုသုတများ တိုးပွားလာစေရန်အတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားရန် လိုကြောင်း၊ နိုင်ငံတော်က အားထားရသည့် ဝန်ထမ်းကောင်းများ ဖြစ်လာအောင် ပညာဝမ်းစာများ ပြည့်ဝစေရန်အတွက် လေ့လာမှုများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်လေ့လာ ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါ အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၂၃)ကို မတ် ၂၀ ရက်မှ ၃၁ ရက်အထိ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) ရှိ ကွန်ပျူတာခန်းမ၌ သင်တန်းသား သင်တန်းသူ ၂၀ ကို သင်တန်းနည်းပြ ဆရာမ သုံးဦးတို့က စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကသာခရိုင်အသင်း(ရန်ကုန်)နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး ကျင်းပ

**ရန်ကုန် မတ် ၂၀**

ကသာခရိုင်အသင်း(ရန်ကုန်)၊ (ကသာ၊ ကောလင်း၊ ထီးချိုင့်၊ ပင်လည်ဘူး၊ ဗန်းမောက်၊ ဝန်းသို၊ အင်းတော်)တို့၏ အသင်းဖွဲ့စည်းမှုနှစ်(၇၀)ပြည့်အထိမ်းအမှတ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို မတ် ၁၉ ရက်နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ် ကုန်းမြင့်သာခန်းမသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကသာခရိုင်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးမောင်ကိုက အဖွင့်အမှာစကားပြောကြားပြီး ဂုဏ်ပြုထူးချွန်ဆုရရှိသူများကို ကသာခရိုင်အသင်း(ရန်ကုန်)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များက ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အမှုဆောင်အဖွဲ့၏ လုပ်ဆောင်မှုအစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်း ဖတ်ကြားပြီး ကန်တော့ခံ သက်ကြီးဘိုးဘွားများအား ကန်တော့ပစ္စည်း၊ ကန်တော့ငွေများဖြင့် ဂါရဝပြုကန်တော့ကြသည်။

ယင်းနောက် ကန်တော့ခံသက်ကြီးဘိုးဘွားများကိုယ်စား ဆရာမ ဒေါ်ညွန့်ညွန့်ရွှေက ဩဝါဒဆုတောင်းစကားပြောကြားပြီး အသင်းသို့ လှူဒါန်းကြသော အလှူရှင်များအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများကို အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ပေးအပ်ကြသည်။

ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးမှ နုတ်ထွက်ကြောင်း ကြေညာ၍ အသင်းသဘာပတိများက အမှုဆောင်အသစ် ရွေးချယ်ပြီး သဘာပတိက အမှာစကားပြောကြားသည်။

ယင်းနောက်၂၀၂၃ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ထားမှုကို ဖတ်ကြားပြီး သဘာပတိ အတည်ပြုချက်ရယူကာ အသင်းဥက္ကဋ္ဌအသစ် ဦးမောင်ကိုက နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများ လျှော့နည်းရေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ အများပြည်သူများ ဓာတ်အားပြတ်တောက်မှုမရှိစေရန်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရန်နှင့် ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်စေရန် လုပ်ငန်းသုံးမီတာများ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ယနေ့နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ရန်ကုန်မြောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာရုံး၏ ကြီးကြပ်မှုဖြင့် အင်းစိန်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက်တွင် စက်မှု၊ လက်မှုလုပ်ငန်းသုံး ထရန်စဖော်မာ မီတာများကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် လျှပ်စစ်မီတာသုံး ပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး သိကောင်းစရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# KNLA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသောအဖွဲ့က ထောင်ထားသည့် ဒေသန္တရကားမိုင်းအား နင်းမိပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူ သုံးဦးသေ၊ နှစ်ဦးဒဏ်ရာရရှိ



နေပြည်တော် မတ် ၂၀

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နတ်သံကွင်း-ကျောက်ကြီးသွား ကားလမ်းပေါ်ရှိ ညောင်ကုန်းတံတားရှောင်ကွင်းလမ်း၌ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ထောင်ထားသည့် ဒေသန္တရကားမိုင်းကို ယနေ့နံနက်ပိုင်းတွင် ကျောက်ကြီးမြို့နေ ဒေသခံပြည်သူများ လိုက်ပါလာသည့် ယာဉ်တစ်စီး နင်းမိပေါက်ကွဲကာ အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ကြီးမြို့နေ ဦးကြင်ကောက် မောင်းနှင်ပြီး အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ လိုက်ပါလာသည့် လိုက်ထရပ် အမျိုးအစားယာဉ်သည်ကျောက်ကြီးမြို့မှနတ်သံကွင်းဘက်သို့ သွားရောက်စဉ် ယနေ့နံနက် ၈ နာရီခွဲခန့်တွင် ညောင်ကုန်းတံတား ရှောင်ကွင်းလမ်း နေရာသို့အရောက်၌ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ထောင်ထားသည့် ဒေသန္တရကားမိုင်းအား နင်းမိပေါက်ကွဲခဲ့ပြီး မိုင်းပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့မှာ နေရာတွင်သေဆုံးခဲ့ပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့မှာ မိုင်းစထိမှန်(စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒဏ်ရာရရှိသူများကို ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကျောက်ကြီးမြို့နေ ဦးကြင်ကောက် မောင်းနှင်သည့် လိုက်ထရပ်(အဖြူရောင်)ယာဉ် ကားမိုင်းနင်းမိ ပေါက်ကွဲသည့် ဖြစ်စဉ်နေရာပြပုံ။




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၅)ရပ်ကွက်နေသူများဖြစ်ကြသည့် အောင်ဇင်ထွန်း(ခ)အောင်ကြီးနှင့် မြတ်နိုးနွယ်တို့သည် ၎င်းတို့ အသုံးပြုသည့် "Aung Gyi" Facebook အကောင့်၊ "Myat Noe Nwe" Facebook အကောင့်၊ အမှတ်(၃) ရပ်ကွက်နေ ဇော်ကြီး(ခ)ဇော်ဝင်းနိုင်သည် ၎င်းအသုံးပြုသည့် "Zaw Gyi" Facebook အကောင့်နှင့် ရော၀တီ တိုင်းဒေသကြီး အင်္ဂပူမြို့နယ် ရှမ်းရွာကျေးရွာနေ ရွှေဇင်(ခ) နန်းနန်းသည် ၎င်းအသုံးပြုသည့် "မနန်း" Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၀

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ "ရွှေစာရံဘုရားသို့ သွားရောက်သည့်ဘုရားဖူးယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ်အပါအဝင် ပြည်သူသုံးဦးသေဆုံးမှု" ခေါင်းစဉ်ဖြင့် ၂၂-၃-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းအား KNDF/KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် သံဃာတော်သုံးပါး အပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ၁၇ ဦး ထိခိုက်သေဆုံးခဲ့မှု" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြိုင်မြို့နယ် သရက်ကွကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ် နှစ်စီးဖြင့် Drop Bomb များ ဆင်ခြင်တုံတရားမဲ့စွာ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဘုရားစောင်းတန်းနှင့် အပြစ်မဲ့အရပ်သားပြည်သူများ၏ နေအိမ်အမိုးများပျက်စီး

နေပြည်တော် မတ် ၂၀

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် သရက်ကွကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ်နှစ်စီးဖြင့် Drop Bomb များ ဆင်ခြင်တုံတရားမဲ့စွာ ပစ်ချတိုက်ခိုက်သဖြင့် ဘုရားစောင်းတန်းနှင့် အပြစ်မဲ့အရပ်သားပြည်သူများ၏ နေအိမ်အမိုးများ ပျက်စီးခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၀ ရက် နံနက် ၉ နာရီ ၅၅ မိနစ်ခန့်တွင် သရက်ကွကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက အဆိုပါကျေးရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာမှ Drone ယာဉ်နှစ်စီးဖြင့် Drop Bomb များ လာရောက်ပစ်ချ တိုက်ခိုက်ခဲ့သဖြင့် ကျေးရွာအတွင်း Drop Bomb ၁၅ လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ကျေးရွာရှိ ရွှေတောင်သာဘုရားစောင်းတန်း သွပ်မိုးနှစ်ချပ်နှင့် လူနေအိမ်ငါးလုံး၏ သွပ်မိုးများ ဖုံးသီးစထိမှန် ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်လျက်ရှိသော ကျေးရွာအတွင်းသို့ Drone ယာဉ်နှစ်စီးဖြင့် Drop Bomb များ ဆင်ခြင်တုံတရားမဲ့စွာ ပစ်ချတိုက်ခိုက်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များအား နေ့ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၀

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၉ ရက် နံနက် ၉ နာရီခွဲတွင် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် (၂၁)လမ်းတွင် အောင်ဖြိုးဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၀ နာရီခွဲတွင် မော်လမြိုင်မြို့ မုပွန်ရပ်ကွက်နေ ကံသာဦး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၂၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက် အမှတ်(၂)လမ်းမကြီးပေါ်တွင် လမ်းလျှောက်လာသူ တိုးတက်နိုင်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်မဟာသင်္ကြန်ပွဲတော်တွင် ရေဆက်သွယ်ကစားလိုသူများ ခွင့်ပြုမိန့်လျှောက်ထားရန်

နေပြည်တော် မတ် ၂၀

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင်ရေပိုက်လိုင်း၊ အင်းလျားကန်နှင့်ကန်တော်ကြီးကန်တို့မှ ရေကိုဆက်သွယ်ကစားလိုသည့် ကိစ္စရပ်များ စိစစ်ဆောင်ရွက်ပေးနိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)သို့ ၁၃-၄-၂၀၂၃ ရက်(သင်္ကြန်အကြိုနေ့) မွန်းတည့် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ ယာယီရေဆက်သွယ်ရန်အတွက် ခွင့်ပြုမိန့်လျှောက်ထားကြရမည်။ ယာယီရေဆက်သွယ်ခွင့်လျှောက်လွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ်(ရေ/သန့်)တာဝန်ခံရုံးများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၁၂ ထပ်ခွဲတိုးချဲ့ရုံးသစ် ပဉ္စမထပ် (ဗိုလ်မြတ်ထွန်းလမ်းနှင့် (၄၆)လမ်းကြား ကုန်သည်လမ်းပေါ်)ရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ရုံးခန်းတွင် အခမဲ့ထုတ်ယူနိုင်ပါသည်။ ခွင့်ပြုမိန့်လျှောက်ထားရာ၌ သတ်မှတ်လျှောက်လွှာတွင် မြို့နယ်(ရေ/သန့်) တာဝန်ခံ၏ မှတ်ချက်ရယူပြီး တင်ပြလျှောက်ထားရမည်ဖြစ်သည်။

ရေဆက်သွယ်မှုကို မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဝန်ထမ်းများက ရေဆက်သွယ်သူများ လိုက်နာဆောင်ရွက်ရန် စည်းကမ်းချက်များနှင့်အညီ ရေကစားမဏ္ဍပ်သို့ ရေဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင် ရေပိုက်လိုင်းများ၊ အင်းလျားကန်၊ ကန်တော်ကြီးကန်နှင့် အခြားမြေစိုက်ကန်များမှ ရေကိုဆက်သွယ်၍ ရေကစားခြင်းမပြုရန်နှင့် ကော်မတီပိုင်မီးသတ်ပိုက်ခေါင်းများမှ ဆက်သွယ်၍ ရေကစားခြင်းလုံးဝ (လုံးဝ)မပြုရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် မတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၁၅၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၁၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၃၂,၀၃၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၉၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၈၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ

တောင်ကြီး မတ် ၂၀

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေး မှူး ဦးစိုင်းသော်ဝင်းတို့သည် ယနေ့နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့်တွေ့ဆုံခဲ့သည်။

### ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက စည်ပင်သာယာရေး ဌာနဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြပြီး တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးသိန်းဝင်းက တောင်ကြီးမြို့နယ် စည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

### ပြောကြား

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၏ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို သိရှိပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် တွေ့ဆုံရခြင်းဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး (စီမံ၊ အခွန်၊ ငွေစာရင်း) နှင့် ရှမ်းပြည်နယ်အင်ဂျင်နီယာမှူးများ၊



တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ၊ ကလောမြို့နယ်စည်ပင်သာယာရေးဌာန အင်ဂျင်နီယာမှူးများ တက်ရောက်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# လုံမုံကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၄၆၂)ဧကရှိ သောနယ်မြေကို **"လုံမုံ ကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၃၀/၂၀၂၃)အရ ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၉)ရက်၊(၂၀၂၃ ခုနှစ်၊ မတ်လ ၁၄ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

လုံမုံကြိုးပြင်ကာကွယ်တောအနီးအနားရှိ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်၊ ရေ၊ မြေ ထိန်းသိမ်းကာကွယ်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတု ညီညွတ်မျှတစေရန်နှင့် သစ်တောဦးစီးဌာနမှ တည်ထောင်စိုက်ပျိုးခဲ့သည့် စီးပွားရေး(ထင်းရှူး) စိုက်ခင်းဟောင်းများနှင့် ယင်းတို့နှင့် တစ်ဆက်တည်းရှိသည့် သစ်တောဖုံးလွှမ်းသည့်ဧရိယာအား ထိန်းသိမ်းကာကွယ်ရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

လုံမုံကြိုးပြင်ကာကွယ်တောဧရိယာအတွင်း သစ်တောဦးစီးဌာနမှ တည်ထောင်စိုက်ပျိုးခဲ့သည့် တားမြစ်သစ်စာရင်းဝင် ထင်းရှူးပင်များအား ထိရောက်စွာကာကွယ်ထိန်းသိမ်းနိုင်သည့်အပြင် ရှဉ့်၊ တောကြက်၊ ခါ၊ ငှက်နှင့် ချေ စသည့်တိရစ္ဆာန်များ၏ ကျက်စားရာဒေသ တိုးပွားလာခြင်း၊ ကြိုးပြင်ကာကွယ်တောအနီးရှိ ဒေသခံပြည်သူများမှ လုပ်ကိုင်စားသောက်လျက်ရှိသော လယ်၊ ယာ၊ ဥယျာဉ်ခြံလုပ်ငန်းများအတွက် ရေ၊ မြေနှင့် ရာသီဥတုကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေမည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**





## သာစည်မြို့နယ်၌ မိုးကြိုချည်မျှင်ရှည်ဝါ အသိပညာပေး စုပေါင်းစိုက်ပျိုး ကွင်းသရုပ်ပြပွဲပြုလုပ်

**သာစည် မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ဧကများ စနစ်တကျဖြင့် အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် ဝါ တစ်ဧကချင်း အထွက်နှုန်းကောင်းမွန်ရေးအတွက် ရည်ရွယ်၍ မိုးကြိုချည်မျှင်ရှည်ဝါ အသိပညာပေး စုပေါင်းစိုက်ပျိုး ကွင်းသရုပ်ပြပွဲကို မတ် ၂၀ ရက် နံနက် ၈ နာရီခွဲက အောင်သာကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၃၉)တောင်သူဦးမောင်ကိုနှင့်ဦးမောင်အုန်းတို့၏ မိုးကြိုချည်မျှင်ရှည်ဝါ(B.31)စိုက်ခင်းတွင် ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဌေးဌေးက မြို့နယ်အတွင်း မိုးကြိုချည်မျှင်ရှည်ဝါ ၁၉၈၂ ဧကကို မင်းလှကန်နှင့် မိတ္ထီလာကန်ရေတို့ဖြင့် ကျေးရွာအုပ်စု ရှစ်စုတွင် စိုက်ပျိုးရန်လျာထားကြောင်း၊ အဆိုပါလျာထားဧကတွင် အထူးအထွက်ကောင်းစပ်မျိုး(B.31) ဧက ၄၀၀၊ ဝါမျိုးစေ့ထုတ်ရွှေတောင်(၈)ဝါမျိုးဧက ၂၀၀ နှင့် ရွှေတောင်(၁၀)ဝါမျိုး ၁၃၈၂ ဧကတို့ဖြစ်ပြီး အချိန်မီစနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဝါစိုက်တောင်သူများက မိုးကြိုချည်မျှင်ရှည်ဝါ(B.31)ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၁၀ | ၂၀၃၅ | ၂၀၂၀ | ၁၉၉၅ | ၂၀၉၅ | ၂၁၁၀ | ၂၀၀၅ | ၂၀၁၀ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၈၀ | ၂၈၁၀ |
| 95 Ron | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၁၃၅ | ၂၁၃၅ | ၂၁၄၀ | ၂၃၆၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၅၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၁၅၅ | ၂၁၅၀ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၀၈၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၀ | ၂၁၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၂၀ | ၂၁၃၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၇၀ | ၂၄၀၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၀၈၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၀ | ၂၁၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၂၀ | ၂၁၃၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၇၀ | ၂၄၀၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၀ | ၁၉၃၀ |
| 95 Ron | ၁၉၄၃ | ၂၀၁၆ |
| HSD (500 ppm) | ၁၉၀၀ | ၁၉၆၈ |
| HSD (50 ppm) | ၁၉၇၄ | ၂၀၄၃ |
| HSD (10 ppm) | ၁၉၇၄ | ၂၀၄၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။

(စာတည်း)

## မြန်မာပြည်တိုက်ပွဲစဉ်များစာအုပ် ထွက်ပြီ




စာရေးသူ ကိုမြင့်(အင်းတော်)ရေးသားသည့် မြန်မာပြည်တိုက်ပွဲစဉ်များစာအုပ် ထွက်ရှိလာပြီဖြစ်သည်။ ၎င်းစာအုပ်ရှေ့မျက်နှာဖုံးတွင် ဒုတိယကမ္ဘာစစ်ကာလက မြန်မာပြည်အား အပြန်အလှန်တိုက်ခိုက်သိမ်းပိုက်ရာ၌ အဓိကပါဝင်ခဲ့ကြသည့် မဟာမိတ် ဗြိတိသျှ-အိန္ဒိယနှင့် အမေရိကန်-တရုတ် တပ်မှူးကြီးများ၊ ဂျပန်တပ်မှူးကြီးများအပြင် BIA နှင့်INA တပ်မှူးတို့၏ဓာတ်ပုံများကို ထုတ်နုတ်ဖော်ပြထားသည်။ ထို့အပြင်မဟာမိတ်ဂျပန် နှစ်ဖက်တပ်မှူးကြီးများ လက်အောက်ခံတပ်တော်၊ တပ်မကြီးနှင့် တပ်မမှူးများ၊ တပ်ဖွဲ့ကြီးများအလိုက် တာဝန်ရှိ စစ်ဦးစီးချုပ်များ၏ တိုက်ပွဲစဉ်အလိုက် ရာထူးတိုး/လျှော့ ဖြစ်စဉ်များကိုပါ ၎င်းတို့၏ ကိုယ်ရေးရာဇဝင်များနှင့် နှိုင်းယှဉ်သုံးသပ်တင်ပြထားသည်ကိုလည်း တွေ့ရှိရသည်။

မြန်မာပြည်တိုက်ပွဲစဉ်များစာအုပ်တွင် Burma Road(ဗမာလမ်းမကြီး)ကို ပိတ်ဆို့နိုင်ရေးအတွက် ဂျပန်တို့မြန်မာပြည်ကို ကျူးကျော်သိမ်းပိုက်ရန် ရည်ရွယ်ဆောင်ရွက်လာသကဲ့သို့ပင် ၎င်းလမ်းမကြီးကို ကာကွယ်ရန်နှင့် နောက်ပိုင်းတွင် လီဒိုလမ်းဖောက်လုပ်၍ ဗမာလမ်းမကြီးကို ချိတ်ဆက်ကာ တရုတ်ပြည်သို့ စစ်လက်နက်ပစ္စည်းများ ဆက်လက်ပို့ဆောင်ရန်အတွက် အမေရိကန်နှင့် တရုတ်တပ်များ ပါဝင်ပတ်သက်လာခဲ့ကြသည်ကိုလည်း တွေ့ရှိရမည်ဖြစ်သည်။

တိုက်ပွဲစဉ်များတွင် ပါဝင်ပတ်သက်ခဲ့ကြသည့် ဗြိတိသျှ၊ အမေရိကန်၊ အိန္ဒိယ၊ တရုတ်၊ ယိုးဒယား(ထိုင်း)၊ ဂျပန်နိုင်ငံတို့က ၎င်းတို့၏ အမျိုးသားနိုင်ငံရေးအတွက် ပါဝင်ပတ်သက်လာခဲ့ကြသည်ကိုလည်း တွေ့ရှိရမည်ဖြစ်သည်။ ဓာတ်ပုံ၊ မြေပုံနှင့် ဇယားကားချပ်များစွာကိုလည်း ဖော်ပြထားသဖြင့် ရည်ညွှန်းစာစောင်များကိုပါ လေ့လာသွားကြမည်ဆိုပါက အကြောင်းအရာများကို အကျယ်တဝင့် သိရှိနိုင်ကြမည်ဖြစ်သည်။

စာအုပ်ကို အမှတ်(၁၃၇)(မြေညီထပ်) (၃၇) လမ်း ကျောက်တံတားမြို့နယ် ဆန်းဆင့်မင်းစာပေတိုက် ဖုန်း - ၀၉-၅၅၀၂၃၅၄ နှင့် ၀၉-၄၂၀၂၇၄၇၅၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီး စာအုပ်ပါအကြောင်းအရာများကို စိတ်ဝင်တစား ဆက်လက်လေ့လာလိုသူများအတွက် ရုပ်သံမှတ်တမ်းများပါဝင်သည့် ပါဝါပွိုင့်ကိုလည်း ဆက်သွယ်ရယူနိုင်ကြောင်း သိရသည်။

## စာပေဗိမာန်စာမူဆုရစာအုပ်များ ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ ကဗျာပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာမ သမီးပျို၏ "မြင်းမိုရ်သို့ ပန်းသဝဏ်လွှာကဗျာများ" စာအုပ်ကို ရောင်းဈေး ကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် အနှစ်သာရ၊ မြင့်မြတ်တဲ့ လဝါဆို၊ မီး၊ လမြတ်ဝါခေါင် သာတန်ဆောင်၊ ငယ်ဘဝအလွမ်း၊ နားခိုရာ၊ ငွေ၊ စံထားထိုက်တဲ့ တို့လူမျိုး စသည့် ကဗျာပုဒ်ရေ ၆၉ ပုဒ်ပါရှိပြီး လေးလုံးစပ်၊ တေးထပ်၊ အိုင်ချင်း၊ လေးချိုးကြီး၊ ကာချင်း၊ လေးချိုး၊ ဘောလယ်၊ အချိုးတွဲ၊ နွယ်သာကီသံဖြတ် ကဗျာဖွဲ့နည်းများဖြင့် ရေးဖွဲ့ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ထို့ပြင် စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ ဝတ္ထုရှည်ပထမဆုရရှိသည့် စာရေးဆရာ ကိုထွန်း (ကျယ်ဂေါင်)၏ "ကြိုလင့်နေပါ မြသီတာ" စာအုပ်ကိုလည်း ရောင်းဈေး ကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကျေးလက်ဖွား မြန်မာအမျိုးသမီးတစ်ဦး၏ ဇာတိမွေးရပ်အပေါ် ဖွံ့ဖြိုးတိုးတက်စေလိုသည့် စိတ်ဓာတ်၊ ပညာသင်ကြားတတ်မြောက်ပြီး ဘဝတိုးတက်မှုအတွက် ရည်မှန်းချက်ကောင်းဖြင့် လုပ်ငန်းခွင်အတွင်း အဆင်ပြေစွာ လုပ်ကိုင်စွမ်းဆောင်နိုင်မှု၊ ဘဝအချိုးအကွေ့ အချစ်ရေးကို တည်ငြိမ်အေးချမ်းစွာ စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် ထိန်းချုပ်နိုင်ပုံတို့ကို ဇာတ်ကြောင်းအစမှ အဆုံးတိုင် ရိုးရှင်းပြေပြစ်သည့် အရေးအသားဖြင့် တင်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် (၅၂၉ - ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ (၈၆) လမ်း၊ (၂၁) လမ်းနှင့် (၂၂) လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ ရှိစာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိစာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## ကယားပြည်နယ်အစိုးရအဖွဲ့က ယာယီတိုက်ပွဲရှောင်ပြည်သူများအား အခြေခံစားသောက်ကုန်များပေးအပ်ပွဲ လွိုင်ကော်မြို့၌ ကျင်းပ

လွိုင်ကော် မတ် ၂၀

ကယားပြည်နယ်အစိုးရအဖွဲ့က ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင် ပြည်သူများ၏ လတ်တလောစားဝတ်နေရေးအတွက် လိုအပ်သည့် စားသောက်ကုန်၊ အသုံးအဆောင်ပစ္စည်းများနှင့် နေအိမ်အဆောက်အအုံများ ပြုပြင်ရန်အတွက် ထောက်ပံ့ငွေများကို ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ နယ်မြေလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေရှည်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် လိုအပ်သည်များ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က လွိုင်ကော်ခရိုင်နှင့် ဒီးမော့ဆိုခရိုင်တို့မှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်၊ ဆီ၊ ပဲနှင့် အခြေခံစားသောက်ကုန်များ၊ နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် အိမ်ဆောက်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ၊ ယာယီတိုက်ပွဲရှောင်နေရာများတွင် လိုအပ်လျက်ရှိသော အထောက်အကူပြုပစ္စည်းများ ဝယ်ယူရန်အတွက် ထောက်ပံ့ငွေများကိုပေးအပ်ရာ သက်ဆိုင်ရာစစ်ရှောင်စခန်းများမှ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် တက်ရောက်လာကြသောပြည်သူများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး ပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်ခရိုင်နှင့် ဒီးမော့ဆိုခရိုင်အတွင်း ဘာသာရေးကျောင်းများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူ ၃၈၀၂ ဦး၊ အိမ်ထောင်စု ၁၁၄၁ စုတို့အတွက် ဆန်၊ ဆီနှင့် ကုလားပဲများ၊ ပျက်စီးသွားသော နေအိမ် ၃၂ လုံးအတွက် အိမ်ဆောက်ပစ္စည်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများတွင် လိုအပ်လျက်ရှိသော ရေလှောင်ကန်နှင့် သန့်စင်ခန်းများ ဆောက်လုပ်ရန်အတွက် ထောက်ပံ့ငွေများ၊ ဒေါပိုးစီဘုန်းတော်ကြီးကျောင်း လျှပ်စစ်မီးသွယ်တန်းမှုအတွက် ထောက်ပံ့ငွေများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ထောက်ပံ့ငွေများအပါအဝင် စုစုပေါင်းထောက်ပံ့ငွေကျပ် ၈၇၄၀၆၀၅၀ ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ယာယီတိုက်ပွဲရှောင်ပြည်သူများ နေထိုင်သော ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားကျောင်းများသို့ သွားရောက်ပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများအား အခြေခံစားသောက်ကုန်များကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကာ တိုက်ပွဲရှောင်ပြည်သူများနေထိုင်သည့် အိပ်ဆောင်များ၊ ထမင်းစားဆောင်၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ဆတ်ခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် မီးလင်းရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

ရွှာင် မတ် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ကျေးရွာတွင်းမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဆတ်ခြံကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရွှာင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ဆတ်ခြံကျေးရွာတွင် ကျေးရွာတွင်း ၄၀၀ ဗို့အားလိုင်း အရှည်ပေ ၁၅၀၀ မီးကြိုးသွယ်တန်းခြင်းနှင့် (9M)ကွန်ကရစ်တိုင် ၁၀ တိုင် စိုက်ထူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျေးရွာတွင်း မီးလင်းရေးလုပ်ငန်းအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၆ ဒသမ ၇၈ သန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၂၂

■




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း EV Charging Station များ ဖွင့်လှစ်

နေပြည်တော် မတ် ၂၀

Chin Dwin Shan Construction Co.,Ltd. နှင့် Earth Renewable Energy Co.,Ltd. တို့၏ 60 KW DC Fast Charging Station နှင့် EV Charging Station ဖွင့်ပွဲများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ သခင်မြပန်းခြံနှင့် လှည်းကူးမြို့နယ်ရှိ အမြန်လမ်း မိုင်တိုင်(၁)တို့၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ဦးစွာ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက အဖွင့်အမှာစကားပြောကြားပြီး Chin Dwin Shan Construction Co.,Ltd. နှင့် Earth Renewable Energy Co.,Ltd. မှ တာဝန်ရှိသူများက Station များ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက Station များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် 60 KW DC Fast Charging Station နှင့် EV Charging Station တို့မှ ကားများအား လှည့်လည်ကြည့်ရှုကြပြီး EV (လျှပ်စစ်ကား)များကို စမ်းသပ်မောင်းနှင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## (၇၈)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ်(တံတားကျိုး)လမ်း ကတ္တရာလမ်းဖွင့်

ဘားအံ မတ် ၂၀

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု/ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ်(တံတားကျိုး)လမ်း ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် လှိုင်းဘွဲ့မြို့နယ် ရွှေပြည်ကုန်းကျေးရွာအနီးရှိ အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။



အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ဖွင့်လှစ်သည့် ထီလုံ-တာပေါင်-ပတ-နဘူး- ကော့ကရိတ်(တံတားကျိုး)လမ်းကို အသုံးပြုပြီး လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာမှ ကော့ပေါ၊ တာပေါင်၊ နောင်ဘိုကြီး၊ ထန်းတပင်၊ ရေပူကြီး၊ ပတ၊ နဘူး၊ မြပတိုင်ကျေးရွာများကို ဖြတ်ပြီး တံတားကျိုးမှတစ်ဆင့် ကော့ကရိတ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် မြဝတီနှင့် ထိုင်းနိုင်ငံနယ်စပ်သို့ လည်းကောင်း သွားလာနိုင်ပြီး မိုင်အားဖြင့် ၅၆ မိုင် ၆ ဖာလုံ အရှည်ရှိကြောင်း၊ ယခုကဲ့သို့ လမ်းတံတားများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာခြင်းကြောင့် ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အစစအရာရာမြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ဦးအောင်ညိုက လမ်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ညွှန်ကြားရေးမှူး(မြို့ပြ)က လမ်းဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်များ လက်ရောက်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ထီလုံ-တာပေါင်-ပတ-နဘူး- ကော့ကရိတ်(တံတားကျိုး)လမ်း ကတ္တရာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ဖွင့်လှစ်သည့်လမ်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ လမ်းဦးစီးဌာနက တစ်ကြောင်းထိုးလမ်းအုကြောင်းထိုးခြင်း၊ မြေသားတာပေါင်တင်ခြင်း၊ ကျောက်ကြမ်းလမ်းခင်းခြင်းနှင့် ၁၂ ပေ အကျယ် ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ၁၂ ပေ အကျယ်မှ ၁၈ ပေအကျယ်ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၂၈၇၀၊ ပြည်နယ်ရန်ပုံငွေ ၃၀၁၈ ဒသမ ၁၆ သန်းဖြင့် ၂၄ ဒသမ ၄၈၅ ကီလိုမီတာ၊ မိုင်အားဖြင့် ၁၅ မိုင် ၂ ဖာလုံကို ၁၂ပေအကျယ်မှ ၁၈ ပေအကျယ်သို့ ကတ္တရာလမ်းချဲ့ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါလမ်းပေါ်ရှိ တံတားရှစ်စင်းကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်



# ကသာခရိုင်၌ ပဲပုပ်သီးနှံ ရိတ်သိမ်းချိန် ဈေးကောင်းရ

**စစ်ကိုင်း မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပဲပုပ်သီးနှံ စိုက်ဧက စုစုပေါင်း ၅၃၅၉ ဧကစိုက်ပျိုးခဲ့ရာ ၂၀၂၃ ခုနှစ် မတ်လပထမပတ်တွင် စတင်ရိတ်သိမ်းကြောင်း၊ ပဲပုပ်သီးနှံသည် အကြမ်းခံသော ဆီထွက်သီးနှံဖြစ်သည့်အပြင် အခြားပဲသီးနှံများထက် စိုက်ပျိုး ကုန်ကျစရိတ်လျော့နည်းသော သီးနှံဖြစ်ကြောင်းသိရသည်။

ပဲပုပ်သီးနှံကို စက်တင်ဘာလနှင့် နိုဝင်ဘာလတို့တွင် စတင်စိုက်ပျိုးကြပြီး မတ်လနှင့်ဧပြီလတွင် ရိတ်သိမ်းကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ပဲပုပ်သီးနှံတစ်ဧကလျှင် ကျပ်လေးသိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ပဲပုပ်သီးနှံတစ်ဧကလျှင် ၁၅ တင်း ထွက်ရှိပြီး ဒေသတွင်း တစ်တင်းဈေးနှုန်းမှာ ကျပ် ၇၀၀၀၀ ရှိကြောင်း၊ တစ်ဧက အကျိုးအမြတ်အနေဖြင့် ကျပ် ၆၅၀၀၀၀ ရရှိကြောင်း သိရသည်။ ပဲပုပ်သီးနှံကို အများအားဖြင့် မန္တလေးအဝယ်ဒိုင်များသို့ တင်ပို့ရောင်းချကြပြီး ဒေသတွင်း ပဲပုပ်လုပ်ငန်းရှင်များကလည်း ဝယ်ယူသိုလှောင်ကြကြောင်း သိရသည်။

# "Combodia-International Science, Technology & Innovation Expo" သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ကြား

**ရန်ကုန် မတ် ၂၀**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Koh Pich Exhibition & Convention Center ၌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က ကြီးမှူး၍ မတ် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် Combodia-International Science, Technology & Innovation Expo သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပြသနိုင်ကြောင်း ဖိတ်ကြားလာပါသည်။

အဆိုပါပြပွဲအား ကမ္ဘောဒီးယားနိုင်ငံ၌ နှစ်စဉ်ကျင်းပသွားရန်ရည်ရွယ်ထားသည်။ ပြပွဲသို့ မြန်မာနိုင်ငံမှ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများကို ပါဝင်ပြသနိုင်ရေးအတွက် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသခြင်းဖြင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်တွေ့ဆုံခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအတွက် အခွင့်အလမ်းများရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်နိုင်ကြောင်း သိရသည်။ ■

# မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မောင်တော မတ် ၂၀**



မောင်တောကုန်သွယ်ရေးစခန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၁ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၅ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ သန်းဖြစ်သည်။ မတ် ၁၉ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ဒေါ်လာ ၁၆ ဒသမ ၅၅ သန်း၊ သွင်းကုန် ဒေါ်လာ သုည ဒသမ ၀၄၄ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၆ ဒသမ ၅၉၄ သန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပြီး တစ်နှစ်လုံး၏ လျာထားချက်အပေါ် ၁၄၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ပို့ကုန်တွင် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ကြက်သွန်ဖြူ ပန်းသီး၊ ကွမ်းသီး၊ ထန်းလျက်၊ အုန်းသီး၊ ငရုတ်သီးခြောက်၊ ဆီးသီးခြောက်၊ သရက်သီးတို့နှင့် ရေထွက်ပစ္စည်းများမှာ ငါးမြစ်ချင်း၊ ငါးသလောက်၊ ငါးခေါင်းပွ၊ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ ငါးကုန်းညှိခြောက်၊ ပုစွန်ခြောက်တို့ဖြစ်ပြီး စက်မှုကုန်ချောပစ္စည်းမှ လူကြီးစီးဖိနပ်၊ သနပ်ခါးခဲ၊ ဆီးယိုထုပ်၊ ကော်ဖီမစ်၊ ဆန်ကြာဆံတို့တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တွင် ပလတ်စတစ်ပိုက်၊ အလူမီနီယံရေအိုးတို့ တင်သွင်းခဲ့သည်။

မတ် ၂၀ ရက်တွင် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာ လျှင် ၂၈၄၁ ကျပ်၊ ၁၁၅ တာကာ၊ ကျပ် ၁၀၀ လျှင် ၄ ဒသမ ၀၈ တာကာ၊ တစ်တာကာလျှင် ၂၄ ဒသမ ၇၀ ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

# ၂၀၂၃ ခုနှစ်ကော်ဖီပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ကြား

**ရန်ကုန် မတ် ၂၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ China International Exhibition Center ၌ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် ၂၀၂၃ ခုနှစ် ကော်ဖီပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပြသနိုင်ကြောင်း ဖိတ်ကြားလာသည်။

အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ ကော်ဖီစိုက်တောင်သူများအသင်း၊ ကော်ဖီထုတ်လုပ်သူများ၊ လုပ်ငန်းရှင်များ ဝင်ရောက်ပြသနိုင်ကြောင်းနှင့် ပြခန်းနေရာများ၊ ကော်ဖီအရောင်းမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များ၊ ဝင်ခွင့်လက်မှတ်များကိုလည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်တွေ့ဆုံမှုများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအပြင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်နိုင်ကြောင်း သိရသည်။

**သတင်းအရင်းအမြစ်**
**စီးပွား/ကူးသန်း**

## ၂၀-၃-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၃၅၀၀ | ၂၃၀၀ | ၁၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၉၅၀၀၀၀ |
| ၂ | လားရှိုး | ၂၂၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၂၀၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၉၀၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၀၀၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၅၃၀၀ | | ၁၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၂၃၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၀၀၀၀ | ၂၈၅၀၀၀၀ |
| ၄ | တောင်ကြီး | ၂၅၀၀ | ၂၃၅၀ | ၁၀၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၆၀၀ | ၉၀၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၃၀၀ | ၃၃၀၀ | ၁၂၅၀၀ | ၁၈၅၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၂၈၅၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၄၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၆၀၀ | ၇၅၀၀ | ၅၅၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၈၆၀၀၀၀ |
| ၆ | ဘားအံ | ၂၂၀၀ | | ၁၂၀၀၀ | ၇၂၀၀ | ၁၃၅၀၀ | ၁၈၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၀၀၀ | ၄၈၀၀ | ၃၈၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၉၅၇၀၀၀ |
| ၇ | မော်လမြိုင် | ၂၃၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၂၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၉၀၀၀၀၀ |
| ၈ | ထားဝယ် | ၂၉၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၀၀၀ | ၁၈၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၂၀၀ | ၁၈၀၀ | ၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၉၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | | ၂၈၇၅၀၀၀ |
| ၉ | မြိတ် | ၂၅၀၀ | | ၁၅၀၀၀ | ၆၆၀၀ | ၁၇၀၀၀ | ၁၉၀၀ | ၆၈၀၀ | ၅၂၀၀ | ၃၆၀၀ | ၃၀၀၀ | ၈၀၀ | ၇၃၀၀ | ၅၇၀၀ | ၄၈၀၀ | ၂၉၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | | ၂၉၀၀၀၀၀ |
| ၁၀ | ရန်ကုန် | ၂၃၀၀ | ၂၁၀၀ | ၁၂၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၂၀၀ | ၇၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၂၀၀ | | ၁၄၀၀၀ | ၆၉၀၀ | ၁၁၅၀၀ | ၁၄၀၀ | ၅၀၀၀ | ၄၁၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၃၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၆၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၆၀၀ | ၈၀၀၀ | ၄၈၀၀ | ၂၇၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၉၀၀၀၀၀ |
| ၁၃ | ဟားခါး | ၃၅၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၉၀၀၀၀၀ |
| ၁၄ | မုံရွာ | ၃၀၀၀ | | ၁၂၀၀၀ | ၇၂၅၀ | ၁၉၀၀၀ | ၁၅၀၀ | ၆၀၀၀ | ၅၃၀၀ | ၅၃၀၀ | ၁၇၀၀ | ၇၀၀ | ၆၂၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၇၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၃၀၀ | ၁၆၀၀ | ၁၂၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၁၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၈၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၇၉၄၅၀၀ |
| ၁၆ | ပခုက္ကူ | ၂၇၀၀ | | ၁၁၅၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၁၂၀၀ | ၆၈၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၆၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၉၆၀၀၀၀ |
| ၁၇ | မကွေး | ၂၅၅၀ | | ၁၀၅၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၉၅၀၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၇၃၀၀ | ၂၅၀၀၀ | ၁၄၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၅၀၀၀၀ |
| ၁၉ | ပဲခူး | ၂၄၀၀ | | ၁၃၅၀၀ | ၇၃၀၀ | ၁၅၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၄၂၀၀ | | ၂၂၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၉၁၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၄၀၀ | | ၁၄၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၁၂၀၀ | ၄၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၅၀၀ | ၇၂၀၀ | ၄၆၀၀ | ၂၈၀၀ | ၂၄၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၉၂၅၀၀၀ |
| ၂၁ | နေပြည်တော် | ၂၄၀၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၁၃၀၀ | ၅၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၂၂၀၀ | ၅၀၀ | ၇၅၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၃၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၉၂၅၀၀၀ |
| ၂၂ | ကလေး | ၂၃၀၀ | ၂၁၀၀ | ၁၂၀၀၀ | ၇၆၀၀ | | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၉၇၀၀၀၀ |

မှတ်ချက်။ (၁) စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်တွင် ၂၀၀ ကျပ်၊ မုံရွာတွင် ၂၅၀ ကျပ်၊ ပြည်နှင့် ပဲခူးတွင် ၁၀၀ ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ ကျပ်၊ ချင်း တစ်ပိဿာလျှင် ပဲခူးတွင် ၂၀၀ ကျပ်၊ မြေပဲ တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ ကျပ်၊ သကြား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀ ကျပ်၊ မြိတ်တွင် ၂၀၀ ကျပ်၊ ဝက်သား တစ်ပိဿာလျှင် တောင်ကြီးနှင့် ပခုက္ကူတွင် ၁၀၀၀ ကျပ်၊ အမဲသား တစ်ပိဿာလျှင် ပခုက္ကူတွင် ၂၀၀၀ ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန်တစ်ပြည်လျှင် မြိတ်တွင် ၁၅၀ ကျပ်၊ ပဲဆီတစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ ကျပ်၊ ငရုတ်ခြောက်တစ်ပိဿာလျှင် ပုသိမ်တွင် ၅၀၀ ကျပ်၊ ပဲခူးတွင် ၁၀၀၀ ကျပ်၊ ကြက်သွန်နီတစ်ပိဿာလျှင် ပခုက္ကူနှင့်ပျဉ်းမနားတွင် ၁၀၀ ကျပ်၊ နေပြည်တော်တွင် ၂၀၀ ကျပ်၊ ကြက်သွန်ဖြူရှမ်းစ တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၆၀၀ ကျပ်၊ နေပြည်တော်တွင် ၄၀၀ ကျပ်၊ ကြက်သွန်ဖြူ ကြူကုတ်စ တစ်ပိဿာလျှင် ပုသိမ်နှင့် ပျဉ်းမနားတွင် ၂၀၀ ကျပ်၊ ပဲခူးတွင် ၃၀၀ ကျပ်၊ နေပြည်တော်တွင် ၄၀၀ ကျပ်၊ ကုလားပဲ တစ်ပိဿာလျှင် လားရှိုးတွင် ၅၀၀ ကျပ်၊ အာလူးတစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂၀၀ ကျပ် ဈေးကျခဲ့ပါသည်။

## တူကီယဲနိုင်ငံမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ဂျပန်ဗိသုကာပညာရှင်က ယာယီအိမ်များတည်ဆောက်ပေးမည်

တိုကျို မတ် ၂၀

ဂျပန်ဗိသုကာပညာရှင် ဗန်ရှီဂူရူက တူကီယဲနိုင်ငံမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ကတ်ထူစက္ကူနှင့် သစ်သားများကို အသုံးပြု၍ အလွယ်တကူ တည်ဆောက်နိုင်သည့် ယာယီအိမ်များ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအိမ်များ တည်ဆောက်နိုင်ရန်အတွက် ဗန်ရှီနှင့် Shibaura စက်မှုတက္ကသိုလ်မှ ကျောင်းသားများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုအိမ်များတည်ဆောက်နိုင်ရန် အစိတ်အပိုင်းများကို တူကီယဲနိုင်ငံတွင်ရရှိနိုင်ပြီး အလွယ်တကူ တပ်ဆင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

ထို့ပြင် အမိုးအကာများကို ရေရှည်အသုံးပြုနိုင်စေရန် ဒီဇိုင်းထုတ်ထားကြောင်း ၎င်းက ပြောကြားသည်။

လက်ရှိအချိန်တွင် တူကီယဲနိုင်ငံ၌ နောက်ဆက်တွဲငလျင်လှုပ်ခတ်မှုများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် လူအများအပြား အိုးအိမ်ဆုံးရှုံးနေကြောင်း ၎င်းက ပြောကြားခဲ့သည်။ ယခုဆောက်လုပ်မည့်အိမ်များသည် ပြိုကျပါက အိမ်အတွင်းရှိ လူများကို ထိခိုက်မည်မဟုတ်သောကြောင့် လုံခြုံမှုရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တူကီယဲနိုင်ငံတွင် ငလျင်လှုပ်ခတ်မှုများကြောင့် အဆောက်အအုံ ၂၃၀၀၀၀ ခန့် ပျက်စီးခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**



## ဟီရိုရှီးမား၌ ကျင်းပမည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ၏ ဖိတ်ကြားမှုအား အိန္ဒိယဝန်ကြီးချုပ် မိုဒီ လက်ခံ

တိုကျို မတ် ၂၀

ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ကီရှီဒါသည် မေလအတွင်း ဟီရိုရှီးမား၌ ကျင်းပမည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မိုဒီအား ဖိတ်ကြားခဲ့ကြောင်းနှင့် မိုဒီကလည်း ကီရှီဒါ၏ဖိတ်ကြားမှုကို လက်ခံခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ကီရှီဒါနှင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မိုဒီတို့သည် မတ် ၂၀ ရက်တွင် အိန္ဒိယနိုင်ငံ၏ မြို့တော် နယူးဒေလီ၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် နိုင်ငံတကာက ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လည်း သဘောတူညီခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ကီရှီဒါသည် ဟီရိုရှီးမား၌ ကျင်းပမည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးသည် ဖွံ့ဖြိုးဆဲနှင့် ထွန်းသစ်စနိုင်ငံများ ဆက်ဆံရေးအားကောင်းစေမည့် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီအား ပြောကြားသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် သဘာဝပတ်ဝန်းကျင်နှင့် စားရေရိက္ခာဖူလုံမှုဆိုင်ရာ နယ်ပယ်များတွင် ဂျီ-၇ နှင့် ဂျီ-၂၀ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**

## ပြည်ပခရီးသည်များ ဘာသာစကားဆိုင်ရာ အခက်အခဲလျော့နည်းစေရေး ဂျပန်ကုမ္ပဏီများ ဆောင်ရွက်

တိုကျို မတ် ၂၀

ဂျပန်နိုင်ငံမှ ပုံနှိပ်ကုမ္ပဏီတစ်ခုဖြစ်သည့် Toppan သည် ပြည်ပခရီးသည်များအတွက် ဘာသာစကားအခက်အခဲများ လျော့နည်းစေရေးအတွက် ဘာသာစကားများကိုဘာသာပြန်ဆိုပေးနိုင်သည့် အဆင့်မြင့်နည်းပညာသုံးစခရင်တစ်ခုကို ထုတ်လုပ်ခဲ့ကြောင်း သိရသည်။ ၎င်းစခရင်သည် ဘာသာစကားကို တစ်ခဏအတွင်း ဘာသာပြန်ဆိုပေးနိုင်ပြီး အင်္ဂလိပ်ဘာသာနှင့် တရုတ်ဘာသာအပါအဝင် ဘာသာစကား ၁၅ မျိုးကို ချက်ချင်း ဘာသာပြန်ဆိုပေးနိုင်ကြောင်း သိရသည်။

ဂျပန်နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှု ကျဆင်းလာပြီးနောက် ပြည်ပခရီးသည် ဝင်ရောက်မှု မြင့်တက်လာကြောင်းနှင့် ၎င်းစခရင်သုံးစွဲခြင်းဖြင့် ခရီးသည်များအား ဘာသာစကားအခက်အခဲကို လျော့နည်းသွားစေမည်ဖြစ်ကာ ၎င်းစခရင်များအား ဇွန်လအတွင်း စတင်ရောင်းချသွားမည်ဖြစ်ကြောင်း ၎င်းပုံနှိပ်ကုမ္ပဏီတာဝန်ရှိသူ Nosaka Tomoaki က ပြောကြားသည်။

ထို့ပြင် ဂျပန်နိုင်ငံမှအငှားယာဉ် ငှားရမ်းရေးအက်ပလီကေးရှင်းဖြစ်သည့် Go နှင့် တရုတ်ကုမ္ပဏီများ၏ နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းကလည်း ဂျပန်နိုင်ငံအတွင်း တရုတ်ခရီးသည်များအတွက် တရုတ်ဘာသာစကားဖြင့် အငှားယာဉ်ငှားရမ်းနိုင်ရန် အထောက်အကူပြုခဲ့ကြောင်း သိရသည်။ အဆိုပါ Go အက်ပလီကေးရှင်း၏ မိခင်ကုမ္ပဏီဖြစ်သည့် Mobility Technologies သည် တောင်ကိုရီးယားနှင့် အခြားအရှေ့တောင်အာရှဈေးကွက်များတွင်လည်း အထက်ပါဝန်ဆောင်မှုများ ပေးနိုင်ရေးဆောင်ရွက်နေသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**



## ဗီယက်နမ်နိုင်ငံ၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှု မြှင့်တင်မည်

ဟနွိုင်း မတ် ၂၀

ဗီယက်နမ်အစိုးရသည် ၂၀၅၀ ပြည့်နှစ်တွင် နိုင်ငံအတွင်း ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညရာခိုင်နှုန်းအထိ ရောက်ရှိစေရေး ရည်မှန်းချက်ထားဆောင်ရွက်နေကြောင်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ယနေ့ပြောကြားသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စီမံကိန်းများဖြင့် အစိမ်းရောင်ပြောင်းလဲမှုကို နှစ်ရှည်စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အစိမ်းရောင်ပြောင်းလဲမှုကို ပံ့ပိုးရေးအတွက် နိုင်ငံတကာမိတ်ဖက်များလိုအပ်ကြောင်း ဝန်ကြီးချုပ် Pham Minh Chinh က ဗီယက်နမ်စီးပွားရေးဖိုရမ်၌ ယမန်နေ့က ပြောကြားသည်။ နိုင်ငံအတွင်း ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်နိုင်ရန် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဘီလီယံလိုအပ်ကြောင်း အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်းက ပြောကြားသည်။

လာမည့်နှစ် ၃၀ ၌ ဗီယက်နမ်အား ဝင်ငွေမြင့်မားပြီး ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ ထည့်ဝင်ငွေများစွာလိုအပ်ကြောင်း အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူ အယ်လဖွန်ဆို ဂါဇီယာ မိုရာကပြောကြားသည်။ ယခုဖိုရမ်တွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများက ဗီယက်နမ်နိုင်ငံ၏ အစိမ်းရောင်စွမ်းအင်ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရန် အကြံပြုချက်များ တင်သွင်းခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## မလေးရှားနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှု ဖေဖော်ဝါရီလအတွင်း ၃၉ ရာခိုင်နှုန်းမြင့်တက်

ကွာလာလမ်ပူ မတ် ၂၀

မလေးရှားနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုသည် ယမန်နှစ် ဖေဖေဖော်ဝါရီလအတွင်းက အစီးရေ ၄၅၀၆၂ စီးသာရှိခဲ့ရာမှ ယခုနှစ် ဖေဖော်ဝါရီလတွင် ၆၂၆၄၉ စီး ရှိခဲ့ခြင်းကြောင့် ၃၉ ရာခိုင်နှုန်းမြင့်တက်မှု ရှိခဲ့ကြောင်း မလေးရှားနိုင်ငံ၏ မော်တော်ယာဉ်အသင်းက မတ် ၂၀ ရက်တွင် ပြောကြားသည်။

မလေးရှားနိုင်ငံ၏ ခရီးသည်တင်ယာဉ်ရောင်းချရမှုသည် ယခုနှစ်ဇန်နဝါရီလအတွင်းက အစီးရေ ၄၀၁၁၉ စီးရှိခဲ့ရာမှ ဖေဖော်ဝါရီလတွင် ၅၅၅၅၅ စီးရောင်းချနိုင်ခဲ့ကြောင်းနှင့် ကုန်တင်ယာဉ်ရောင်းချရမှုသည် ၄၉၄၃ စီးရှိခဲ့ရာမှ ၇၀၉၄ စီးရောင်းချနိုင်ခဲ့ကြောင်း မလေးရှားနိုင်ငံ၏ မော်တော်ယာဉ်အသင်းက ပြောကြားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၏ မော်တော်ယာဉ်ရောင်းချရမှုစုစုပေါင်းသည် ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့အကြား နှိုင်းယှဉ်ပါက ၂၇ ရာခိုင်နှုန်းအထိ မြင့်တက်မှုရှိခဲ့ကြောင်း မလေးရှားနိုင်ငံ၏ မော်တော်ယာဉ်အသင်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**



✪ လာလီဂါမှ

ကိုးမိနစ်မှာ ဘာစီလိုနာ ကစားသမား အေရာယူဂျိုရဲ့ ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိသလို ဖြစ်ခဲ့ရာကနေ ရှုံးခဲ့ပြီး ဘာစီလိုနာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကိုတော့ ၄၅ မိနစ်မှာ ရှိဘာတိုနဲ့ သာမန် ပွဲကစားချိန်အပြီး နာကျင်အချိန်ပို နှစ်မိနစ်မှာ ကက်ဆီတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာ အသင်းနဲ့ ရီးယဲလ်မက်ဒရစ် အသင်းတို့ဟာ လက်ရှိအချိန်မှာ စပိန်လာလီဂါပွဲစဉ် ၁၂ ပွဲစီကစားဖို့ ကျန်ရှိနေပါတယ်။ ဘာစီလိုနာ အသင်းဟာ လာမယ့် စပိန်လာလီဂါပွဲစဉ်အဖြစ် အဲလ်ချီအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပြီး ရီးယဲလ်မက်ဒရစ် အသင်းကတော့ ဗယ်လာဒိုးလစ် အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ငွေကြယ်

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV – HD)မှ အများပြည်သူပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ နိုင်ငံတော်၏ နေ့ကြီး ရက်ကြီးများတွင်လည်း အခြေအနေအချိန်အခါနှင့် ကိုက်ညီသင့်လျော်စွာ ဂုဏ်ပြုအစီအစဉ်များ ထည့်သွင်းတင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၃ခုနှစ်၊ မတ်လ(၂၇)ရက်နေ့တွင် ရောက်ရှိမည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် **“ပြည်ချစ်သားမွန် တေးသဝဏ်”** ခေါင်းစဉ်ဖြင့် ပွဲစဉ်(၅)ကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ဌာနအဆိုရှင်များ၊ ပြင်ပတေးသံရှင်များဖြင့် စုပေါင်း၍ စစ်သည်တေးသီချင်းဖျော်ဖြေမှု(Live Show) အစီအစဉ်ကို (၂၄-၃-၂၀၂၃)ရက် (သောကြာနေ့)ညတွင် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်။

(၂၄-၃-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
(၇၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် “ ပြည်ချစ်သားမွန် တေးသဝဏ်”
ပွဲစဉ်(၅) ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၂)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သားကောင်းရတနာ | ဌာနအဆိုရှင် |
| ၂။ | အလွမ်းစိတ်လေး အိပ်မွေ့ချထားမယ် | “တူယှဉ်နွဲပျော် ဂီတပွဲတော် Season-1” အဆိုရှင် |
| ၃။ | အနမ်းနဲ့ပန်းသပြေကမ်းဝေပါ | ဌာနအဆိုရှင် |
| ၄။ | အဝေးမှချစ်သူသို့ | ပြင်ပအဆိုရှင် |
| ၅။ | ရေဆန်လမ်း | ပြင်ပအဆိုရှင် |
| ၆။ | ချစ်ခြင်းတရားနဲ့ပြည်ထောင်စု | ပြင်ပအဆိုရှင် |
| ၇။ | အဏ္ဏဝါရေပြင်ထက်ကချစ်သူ | ဌာနအဆိုရှင် |
| ၈။ | ပြည်သူ့အတွက် သုံးရာသီ | ဌာနအဆိုရှင် |
| ၉။ | ကြည်ပြာရောင်စာလေးတွေ | “တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2” အဆိုရှင် |
| ၁၀။ | ဝေဟင်ပျံတဲ့ကျွန်မချစ်သူ | ဌာနအဆိုရှင် |
| ၁၁။ | ကိုကိုစစ်သားချစ်သူ | ဌာနအဆိုရှင် |
| ၁၂။ | တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် | Group Song |




# နွေရာသီကျောင်းပိတ်ရက် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၀

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ၏ သားသမီးများ နွေရာသီကျောင်းပိတ်ရက် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရွှေတိဂုံစေတီတော် အောက်ပစ္စယာ အနောက်မြောက်ဘက်ရှိ မဟာဗုဒ္ဓဝင်ပြခန်း၌ ကျင်းပသည်။

အခမ်းအနားကို “နမောတဿ” သုံးကြိမ် ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ရန်ကုန်တိုင်း ဓမ္မစကူး(လ်)ဖောင်ဒေးရှင်းဥက္ကဋ္ဌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဒွိပိဋကဓရဘဒ္ဒန္တသိရီကဥ္စနက အဖွင့်ဩဝါဒစကား မြွက်ကြားပြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးသိန်းထွန်းမောင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဓမ္မစကူး(လ်) ဆရာ ဆရာမများကိုယ်စား သင်တန်းနည်းပြ တာဝန်ခံ ဒေါ်နန်းယဉ်မင်းရွှေက သင်တန်းဖွင့်လှစ်သင်ကြားရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



အဆိုပါ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းကို နွေရာသီ ကျောင်းပိတ်ရက် အားလပ်ချိန်တွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး ဝန်ထမ်း သားသမီးများ ဗုဒ္ဓဘာသာအခြေခံကောင်းများ ရရှိစေရန်နှင့် ယဉ်ကျေးလိမ္မာစွာ ပြုမူပြောဆိုနေထိုင်တတ်စေရန် ရည်ရွယ်ချက်များဖြင့် ယနေ့မှ ဧပြီ ၆ ရက်အထိ အပတ်စဉ် (တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး) တစ်ပတ်လျှင် သုံးရက် ဖွင့်လှစ်သင်ကြား ပေးသွားမည်ဖြစ်ပြီး ဝန်ထမ်း သားသမီးစုစုပေါင်း ၄၅ ဦး တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ ကျောဖုံးမှ

“ဒီလမှာတပ်မတော်နေ့အပါအဝင် ရုံးပိတ်ရက် သုံးရက်ဖြစ်တဲ့အတွက် အများပြည်သူသွားလာမှု အဆင်ပြေအောင် မန္တလေး၊ နေပြည်တော်၊ ရန်ကုန်အစုန်အထူးရထားကို မတ် ၂၄ ရက်မှာ တိုးချဲ့ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ မဟာသင်္ကြန်ကာလ ဧပြီ ၇ ရက်နဲ့ ၈ ရက်မှာလည်း မန္တလေး-ရန်ကုန် အထူးရထားပြေးဆွဲပေးမှာပါ။ ပုံမှန်ပြေးဆွဲနေတဲ့ရထားတွေလည်း ပြေးဆွဲသွားမှာပါ။ လက်မှတ်တွေကို ရုံတွေမှာ နေ့ချင်း၊ တစ်ရက်ကြို၊ နှစ်ရက်ကြို၊ သုံးရက်ကြိုနဲ့ ဝယ်ယူနိုင်ပါတယ်။”ဟု မြန်မာ့မီးရထား မန္တလေးဘူတာကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အထူးပြေးဆွဲသွားမည့် ရထားတွဲဆိုင်းတွင် ရိုးရိုးတန်း (၆)တွဲ၊ အထက်တန်း(၆)တွဲတို့ပါရှိမည်ဖြစ်ပြီး လက်မှတ်ဈေးနှုန်းများအနေဖြင့် မန္တလေး-ရန်ကုန်အမှတ်(၆)အစုန်၊ အမှတ်(၄)အစုန် ရိုးရိုးတန်းလက်မှတ် ငွေကျပ် ၇၇၅၀၊ အထက်တန်းလက်မှတ် ငွေကျပ် ၁၅၄၅၀ နှင့် အထက်တန်းအိပ်စင်ဈေးနှုန်းမှာ ငွေကျပ် ၂၁၂၅၀ တို့ဖြစ်သည်။

မတ် ၂၄ ရက်တွင် ပြေးဆွဲမည့်လေအိတ်အထူးရထားသည် မန္တလေးမှ စတင်ထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက်ရှိ ကျောက်ဆည်၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ နေပြည်တော်၊ ပျဉ်းမနား၊ တောင်ငူ၊ ညောင်လေးပင်ဘူတာများတွင် ရပ်နားပေးမည်ဖြစ်သည်။

ဧပြီ ၇ ရက်နှင့် ၈ ရက်တို့တွင် ပြေးဆွဲမည့်လေအိတ်အထူးရထားသည် မန္တလေးမှစတင်ထွက်ခွာပြီး လမ်းတစ်လျှောက်ရှိ သာစည်၊ နေပြည်တော်၊ ပျဉ်းမနား၊ ပဲခူးဘူတာများတွင် ရပ်နားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# အိန္ဒိယနိုင်ငံ၌ ကစားမည့် နိုင်ငံတကာခြေစမ်းပွဲများအတွက် မြန်မာ့လက်ရွေးစင်အသင်း ပြင်ဆင်

ရန်ကုန် မတ် ၂၀

မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၂ ရက်မှ ၂၈ ရက်အထိ အိန္ဒိယနိုင်ငံ၌ကစားမည့် နိုင်ငံတကာခြေစမ်းပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများ စတင်ပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြသစ် ဖိုက်အွန်ဘိုင်နာသည် ယင်းပြိုင်ပွဲအတွက် ကစားသမား ၂၅ ဦး ရွေးချယ်ထားပြီး မတ် ၁၈ ရက် ညပိုင်းမှစတင်ကာ လေ့ကျင့်မှုပြုလုပ်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခင်က ကစားသမား ၂၄ ဦး စတင်ရွေးချယ်ခဲ့သော်လည်း ရှမ်းယူနိုက်တက် ကွင်းလယ်တိုက်စစ်ကစားသမား မြတ်ကောင်းခန့်ကို အားဖြည့်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ပြည်ပကလပ်များတွင် ကစားနေသူများမှာ အိန္ဒိယနိုင်ငံသို့ရောက်ရှိမှသာ လာရောက်ပူးပေါင်းမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြချုပ်-ဖိုက်အွန်ဘိုင်နာ၊ လက်ထောက် နည်းပြ-လောရင့်ဇ်၊ ဦးမျိုးလှိုင်ဝင်း၊ ဦးဇော်ဝင်းထွန်း၊ ဦးမောင်မောင်မြင့်၊ ဂိုးနည်းပြ-မိုက်အန်ဒရီ၊ ဦးကိုကိုအောင်၊ အားကစားသမားများအဖြစ် ဂိုးသမား-ကျော်ဇင်ဖြိုး (ရှမ်းယူနိုက်တက်)၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ ပြည့်ဖြိုးသူ (ရတနာပုံ)၊ နောက်တန်း- ဟိန်းဖြိုးဝင်း (ရတ်ချာဘူရီ၊ ထိုင်း)၊ နန္ဒကျော်၊ ဟိန်းသီဟဇော်၊ ရဲမင်းသူ၊ ဖွဲ့ခန့်မင်း (ရှမ်းယူနိုက်တက်)၊ သက်ဟိန်းစိုး (ရတနာပုံ)၊ ဟိန်းဇေယျာလင်း (ရန်ကုန်ယူနိုက်တက်)၊ သီဟထက်အောင် (ရခိုင်ယူနိုက်တက်)၊ အလယ်တန်း – ဝေလင်းအောင် (ဒဂုံစတားယူနိုက်တက်)၊ ရန်နိုင်ဦး၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ ကျော်မင်းဦး (PDRM၊ မလေးရှား)၊ လင်းထက်စိုး၊ မြတ်ကောင်းခန့် (ရှမ်းယူနိုက်တက်)၊ လွင်မိုးအောင် (Rayong FC၊ထိုင်း)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ၊ ထိုင်း)၊ ဟိန်းထက်အောင် (ဆီလန်ဂေါ၊ မလေးရှား)၊ ငြိမ်းချမ်းအောင် (မြောင်ထရန်ယူနိုက်တက်၊ ထိုင်း)၊ ရှေ့တန်း – ဝင်းနိုင်ထွန်း (ရန်ကုန်ယူနိုက်တက်)၊ အောင်ကောင်းမာန် (Customs United၊ ထိုင်း)၊ သန်းပိုင်



(ကန်ချာနာဘူရီ၊ ထိုင်း)၊ အောင်သူ (လမ်ဖွန်ဝါရီယာ၊ ထိုင်း)တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲများအဖြစ် မတ် ၂၂ ရက်တွင် ကာဂျစ္စတန်အသင်း၊ မတ် ၂၅ ရက်တွင် အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ တိုက်အမှတ်(၈၃)၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်မှပထမထပ်(ခြေရင်းခန်း)တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်ဝယ်ယူ၍ လက်ဝယ်ထား ပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဗိုလ်မင်းထွန်း [၁၂/လမန(နိုင်)၁၃၅၄၆၅]ထံမှ ဒေါ်ခင်ခင်ဦး [၁၂/ကတတ(နိုင်)၀၀၇၅၁၁)]ကအပြီးအပိုင်ဝယ်ယူရန် အတွက်တိုက်ခန်းတန်ကြေးငွေမှစရန်ငွေကိုပေးချေပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများခိုင်လုံစွာဖြင့်ဤကြော်ငြာစာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**( KHIN MAR LAR LAW FIRM )**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ (၂၂)လမ်း၊ တိုက်အမှတ်(၁၁၇)၊ နှစ်ခန်းတွဲ၊ ဟောင်ကောင်(လေး)စုံ၊ အလွှာအားဖြင့် (၈)လွှာရှိ မြေညီထပ် ဟောင်ကောင်(တစ်)စုံ(ယာ)ဘက်ခြမ်းရှိ ဟောင်ကောင်(တစ်)စုံရှိသော တိုက်ခန်းဟု ခေါ်တွင်သော တိုက်ခန်းတစ်ခန်း၏ အကျယ်အဝန်း(၁၂ ½ ပေ x ၅၀ပေ)စီရှိသော တိုက်ခန်း(နှစ်)ခန်းတွင်ပြုပြင်မွမ်းမံတပ်ဆင်ထားသော ပစ္စည်းပစ္စယာများ၊ ကိုယ်ပိုင် လျှပ်စစ်မီတာနှင့် ကိုယ်ပိုင်ရေစက် အပါအဝင်တို့၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင် တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုပြီးအပိုင်ရောင်းချသူ ဦးအောင်ကျော်သန်း မှတ်ပုံတင်အမှတ် [၁၄/ပသန(ပြု)၀၀၀၀၈၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ အပိုင်ဝယ်ယူသူ ဦးမာမက်အဂူရမ် မှတ်ပုံတင်အမှတ် [၁၂/ပဘတ(ဧည့်)၀၀၀၄၁၁]ကိုင်ဆောင်သူက အပိုင်ဝယ်ယူရန်အတွက် တိုက်ခန်း တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ တစ်စုံတစ်ရာ ပြောကြားကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုမူရင်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက် မကျော်လွန်မီ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပြောဆိုနိုင်ပါသည်။

သတ်မှတ်ရက်စေ့ရောက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**ဦးမာမက်အဂူရမ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ကိုကို(ရွှေစာရေး)**
**LL.B, WIPO-101 (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၉၄)**
**အမှတ်(၂၉၇)၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဆက်သွယ်ရန်ဖုန်း- ၀၉-၄၂၁၀၂၁၆၃၇၊ ၀၉-၄၅၀၁၇၀၀၀၁၊ ၀၉-၇၆၅၄၄၂၅၃၄**

## ပျောက်ဆုံးကြောင်း

ဖြိုးဝေလွင် [၁၂/အလန(နိုင်) ၀၄၄၆၆၉] သည် သင်္ဘောသား လုပ်သက်မှတ်တမ်း စာအုပ် CDC-65638 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-780142355**

ဥတု
ရာသီ
တောကို
မှီ၍

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၅၊ မြေကွက်အမှတ်(၁၉၅၃)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ) ရှိ ဦးစီလင်ဂန်း(ခ)ချောင်ကာလင်ဂန်း [၁၂/မဂဒ(နိုင်)၀၉၇၆၈၀] အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူဒေါ်ညွန့်ညွန့်စိန် [၁၂/ဒဂတ(နိုင်)၁၄၁၅၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုမြတ်မွန် အထက်တန်းရှေ့နေ(စဉ်-၄၈၂၇၁)**
**အမှတ်(၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၄၁၉၉၈၉၃**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်-၈၀၊ (၅-လွှာ/အေ)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၃ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့် တိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဒေါ်ခင်မာ [၉/မရက(နိုင်) ၁၀၃၀၉၅]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆယ်(ဒေါ်ဟန်နီဖြိုး)၏မိခင် [၉/မခန(နိုင်) ၁၅၂၆၁၆] မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်ထံသို့ခိုင်မာသော စာရွက်စာတမ်း၊ စာချုပ်၊ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းသန်းဌေး (LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၅၁)**
**ဖုန်း-၀၉-၅၀၂၉၁၈၆, ၀၉-၈၉၈၇၁၅၆၂၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ပန်းချောင်းလမ်း၊ အမှတ်(၇)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်(၂)လွှာ (B)ခြေရင်းခန်း၊ အကျယ်အဝန်း (၁၂'.၆" x ၅၀') ပေရှိ ရေ မီးစုံ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုအရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးပြည့်စိုးအောင်[၁၂/သဃက(နိုင်)၀၆၁၇၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထွေးထွေး [ ၁၄ / ဒဒရ (နိုင်)၁၈၈၆၆၈]မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုယုနွယ် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ်(၁၃၂၇/က)၊ အေးရိပ်သာ(၇)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-450065273**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၁)၊ ပုဂံ(၂)လမ်း၊ မြေကွက်အမှတ် (၁၅၅)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ ဧရိယာ(၀. ၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ ဦးစအသိန်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း ဝန်ခံသူ ဦးထွန်းကိုကိုလတ်[၈/ရနခ(နိုင်)၀၆၉၈၇၄]မှ မိမိသာလျှင် အပြီးအပိုင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်သူ**
**ဦးအောင်ခန့်ဦး**
**[၁၂/ဥကတ(နိုင်)၁၂၁၃၀၃]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စွန်မေဒေး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)**

**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၄၄၃၁၆**

## ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ရွှေဝါ(၂)လမ်း၊ အမှတ်(၁၆၆/က) (၆)ထပ်တိုက်၏ ၆-လွှာ (၁၈'x ၅၄') အကျယ် မြေရှင်၏တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ပါ တိုက်ခန်းကို တရားဝင်လက်ရောက်ရရှိပိုင်ဆိုင်သည် ဆိုသူ ဒေါ်ဝင်းဝင်းမာ[၁၂/အလန(နိုင်)၀၀၁၁၁၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက တရားဝင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ရောင်းဝယ်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက မည်သူမဆို တရားဝင်စာချုပ်စာတမ်း(မူရင်း)အထောက်အထားများဖြင့် လူကိုယ်တိုင်ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်သူမရှိပါက တရားဝင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘမော် (B.Sc,R.L,D.A,D.M.A,D.B.L,D.A.Psy.)**
**W.I.P.O. (D.L. 101) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၂၈)**
**တိုက်( L)၊အခန်း(၁၀၄)မနော်ဟရီရိပ်သာ၊ဗဟိုလမ်း၊အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၂၇၁၀၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၃/၄ )၊ လူနေရပ်ကွက်(နဝဒေးအိမ်ရာ)၊ အမှတ်(၁၇)လမ်း၊ မြေကွက်အမှတ်(၁၄)၊ နဝဒေးအိမ်ရာ အမှတ်(၆၇/၉)၊ အကျယ်အဝန်း(၅၀ပေ x အနံ ၅၀ပေ)၊ (၂၅၀၀)စတုရန်းပေ၊ မြေဧရိယာ(၀.၀၅၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိ အဆောက်အဦနှင့်ရေ ၊ မီးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်။**

ဖော်ပြပါ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အဦနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိလျက် အမည်ပေါက်ပိုင်ဆိုင်သော ဦးစိုးမင်း [၁၂/လမန(နိုင်)၁၀၃၀၀၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်လွင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၁၇၀၀)**
**Ph:09-426779993**
**YI LINK REAL ESTATE & BUSINESS SERVICES COMPANY**
**E-5၊ Sagawar Street/FMI City . Hlaingtharyar.**

## ပျောက်ဆုံးကြောင်း

ဦးအောင်ဖြိုးသူ[၈/ပခက (နိုင်)၂၆၀၉၉၃]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် MD 654332 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:-09-979887702**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးမြင့်နိုင်ဝင်း [၁၂/သလန(နိုင်)၀၉၂၁၄၂]၏ ပတ်စ်ပို့နံပါတ်(MD 313593) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph-09-445343059**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ အိမ်အမှတ်-၂၄/၂၆၊ (၃)ခန်းတွဲ၊ အလယ်(၆)လွှာ၊ သုခလမ်းနေ ဦးမောင်သိန်း[၁၂/စခန(နိုင်)၁၅၃၇၀၅]နှင့် ဒေါ်ဖာတီမာခါတွန်(ခ)ဒေါ်ခင်သန်း [၁၂/စခန(နိုင်)၀၅၃၇၄၃]တို့၏သမီး မမီမီထွန်း[၁၂/စခန(နိုင်) ၀၈၄၀၃၂]အား (၂၁-၃-၂၀၂၃)ရက်နေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်သိန်းနှင့် ဒေါ်ခင်သန်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးချစ်စနိုး(LL.B, D.B.L, D.I.L, D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၄၉၄၂/၁၄)**
**အမှတ်(၆)၊ ရန်ကင်းလမ်း၊ မြေနီကုန်း(မြောက်)၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ။**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်-၁၆၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ်-၂၃၂၊ ဧရိယာ (၀.၀၈၂) ဧကရှိ မြေငှားစာချုပ်ရ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဦးဖေအောင်မြင့်အမည်ဖြင့် မြေငှားစာချုပ်ရရှိထားသော အထက်ခေါင်းစဉ်ပါမြေကွက်ကို ၎င်းထံမှ ဒေါ်ဆင့်ဆင့်လှိုင် [၁၄/ကပန(နိုင်) ၁၂၅၈၆ ၀]က ဝယ်ယူလက်ရောက်ရရှိထားခြင်းဖြစ်ပြီး (S.P) လည်းရရှိထားသူ ဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ပြောဆိုရောင်းချသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဦးဖြိုးမင်းထွန်း[၁၂/လသန(နိုင်)၀၂၁၈၂၄]က ဝယ်ယူရန် သဘောတူပြီး မြေဖိုးစရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းမြေကွက်ရောင်းချခြင်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့်အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အပြီးသတ် အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဦးဖြိုးမင်းထွန်း၏လွှဲအပ်ညွှန်ကြားချက်ဖြင့်-**
**ဒေါ်သဲယုဆွေ LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၁၂)**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကုန်းဘောင် (၁၃)လမ်း၊ အမှတ်-၇၈၇၊ ပထမထပ်(ခြေရင်းခန်း)ကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ညိုညိုဟန်[၁၃/နမတ(နိုင်) ၀၀၀၈၈၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက် အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန် ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်မောင်ဝင်းB.A(Law)LL.B (စဉ်-၁၉၁၆) ဒေါ်ဥမ္မာလွင်(LL.B)(စဉ်-၁၄၆၄၂)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၆၃(ပထမထပ်)၊ ၃၇-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-454844227, 09-43017333**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ကိုယ့်မင်း ကိုယ့်ချင်းရိပ်သာလမ်း၊ အမှတ်(၂၂)နေ နော်ဒင်းလဗျ (ခ)ဦးဌေးဝင်း [၁၂/ တမန(နိုင်)၀၁၂၉၉]နှင့် အယ်လ်ထုရော်(ခ)ဒေါ်ချယ်ရီဇော်လွန်း [၁၂/တမန (နိုင်)၀၁၂၃၀၉]တို့၏ သမီးကြီးဖြစ်သူ မေစပယ်ဖြူ (ခ) အယ်လ်ခေါ်နီထွယ် [၁၂/လမန(နိုင်)၁၁၉၄၀၆]သည် မိဘများ၏ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘ များအပေါ် ကိုယ်စိတ်နှစ်ပါးသောကရောက် စေရန် အကြိမ်ကြိမ်ပြုလုပ်သဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့် ကိစ္စကိုမျှ တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင် - နော်ဒင်းလဗျ(ခ)ဦးဌေးဝင်း**
**မိခင် - အယ်လ်ထုရော်(ခ)ဒေါ်ချယ်ရီဇော်လွန်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၅)၊ လွတ်လပ်ရေး(၃)လမ်း၊ မြေကွက်အမှတ်(၅၉၇/ခ)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဦးဗိုလ်ဇာမက်(ခ)သာဂျော် (AH-၀၃၀၄၈၇)အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစား ခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဒေါ်ကျော်မီမီအောင် [၁၂/ဥကတ (နိုင်)၁၃၄၅၂၈]မှဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ကာ အရှုပ်အရှင်း ကင်းရှင်းကြောင်းပြောဆိုဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်းတိကျ ခိုင်လုံ သော စာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေ နှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝတ်ရည်ဖြူ (L L.B) အထက်တန်းရှေ့နေ(စဉ်-၃၆၀၂၀)**
**အမှတ်(၈)၊ ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတလမ်းဆုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၂၄၇၉၉၆၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကသွယ်ရပ်ကွက်၊ ဗိုလ်ဥတ္တမ (၃)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ကမာကသွယ်၊ မြေကွက်အမှတ်-၇၈၆/ခ ဟုခေါ်တွင်သော အကျယ်အဝန်း ( အလျား ၂၀ ပေ x အနံ ၆၀ ပေ ) ရှိ မြေချပါမစ်မှာ ဦးဝင်းဆွေအမည်ပေါက်ဖြင့် မှတ်သားတည်ရှိပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ် စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ထားသူ ဒေါ်ခင်ကြည် [၁၂/ကတတ(နိုင်)၀၁၇၀၅၁]မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဇင်ဦး [၁၄/ဟသတ (နိုင်)၂၅၀၄၈၆]နှင့် ဦးကျော်စွာထွန်း[၁၄/ဟသတ(နိုင်)၂၆၅၄၉၃]မှ အပြီးအပိုင်ဝယ် ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်နှင့်မြေ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာဝင်း ဒေါ်ရီရီလွင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၆၆) အထက်တန်းရှေ့နေ(စဉ်-၅၂၄၉၉)**
**အမှတ်(၁၃)၊ သဇင်လမ်း၊ တာကြီးရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၈၁၇၇၇၅၂၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ (Star City)၊ တိုက်အမှတ်(B-5) အခန်းအမှတ်-၅၁၁၊ အခန်းအမျိုးအစား (Type-B+)၊ အကျယ်အဝန်း(၉၃၈)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရှင်ဖြစ်သူ ဒေါ်အေးစွမ် [၁၃/လလန(နိုင်)၀၅၀၉၄၄] ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)အထောက်အထား အပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးမြင့်**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၀၆)**
**အမှတ်-၄၅၊ အောင်မေတ္တာလမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၅၀၁၂၂၂၅**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ၁၄-၃-၂၀၂၃ နေ့စွဲပါ၊ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄)ပါ၊ ဦးလှစိန်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၃၂၇၈)က ၎င်း၏ အမှုသည် ဒေါ်ဖြူဖြူစိမ်း [၉/မရမ(နိုင်)၀၈၇၉၆၅]အတွက် ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (စ/သုမင်္ဂလာ)ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ Tosta Plaza အခန်းအမှတ်(၇၀၂)နှင့် အခန်းအမှတ်(၁၀၀၅)၊ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊ အမှတ်(၇၉၇)တိုက်အဆောက်အအုံရှိ အခန်းအမှတ်(B-504)စုစုပေါင်းတိုက်ခန်း(၃)ခန်းနှင့် ပတ်သက်သည့်ကြော်ငြာအပေါ် ကန့်ကွက်ကြောင်းနှင့် အများသိစေရန်နှင့် သတိပေးတားမြစ်ချက်

ကျွန်ုပ်၏အမှုသည် ဦးမျိုးအောင် [၁၂/တမန(နိုင်)၀၅၂၁၇၃]၊ အခန်း(၇၀၂)၊ Tosta Plaza လေးထောင့်ကန်လမ်း (စ/သုမင်္ဂလာ)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်သတိပေး ကြော်ငြာလိုက်သည်။

ကျွန်ုပ်၏အမှုသည်က ဒေါ်ဖြူဖြူစိမ်းနှင့် ပစ္စည်းအာမခံထား၍ ငွေချေးခြင်းများပြုခဲ့သလို ပြန်လည်ပေးဆပ်ခြင်းများလည်းရှိခဲ့ပါသည်။ ကျွန်ုပ်၏ အမှုသည်ထံတွင် စာရင်းအတိအကျရှိပါသည်။

ဒေါ်ဖြူဖြူစိမ်းသည် ကျွန်ုပ်၏အမှုသည်အားငွေထုတ်ချေးရာတွင် ပြစ်မှုကြောင်းအရ မမှန်မကန်ဆောင်ရွက်လိုသည့်အတွက် "ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်များ" ဆိုသည်ကို ချုပ်ဆိုစေခဲ့ရာ ကျွန်ုပ်၏အမှုသည် ဥပဒေမကျွမ်းကျင်သည့်အပြင် ဒေါ်ဖြူဖြူစိမ်းအား ယုံကြည်သဖြင့် စာချုပ်တွင် လက်မှတ်ရေးထိုးပေးခဲ့ပါသည်။

ဒေါ်ဖြူဖြူစိမ်းသည် မိမိပိုင်ငွေကျပ်သိန်း ၂၂၅၀ ကို ထားစရာမရှိသဖြင့် ကျွန်ုပ်၏အမှုသည်ထံ အပ်နှံခြင်းလော၊ သို့တည်းမဟုတ် ကျွန်ုပ်၏အမှုသည်အား ငွေအပ်နှံရန် ဘဏ်ဟုယူဆ၍လော ဆိုသည်ကို ရှင်းလင်းရန်လိုအပ်ပါသည်။

မည်သို့ပင်ဆိုစေ ဒေါ်ဖြူဖြူစိမ်းအား ကျွန်ုပ်၏အမှုသည်က အခြားအာမခံပစ္စည်းများလည်း ပေးထားပြီးဖြစ်သည့်အပြင် အထက်တွင်ဖော်ပြထားသကဲ့သို့ ငွေများပြန်လည်ပေးဆပ်ထားပြီးဖြစ်ပါသည်။ သို့ပါ၍ ၁၄-၃-၂၀၂၃ နေ့စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၄)ပါ ဒေါ်ဖြူဖြူစိမ်း၏ ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးလှစိန်၏ ကြော်ငြာအား ကျွန်ုပ်၏အမှုသည်က ငြင်းဆိုပါသည်။

၎င်းအပြင် အာမခံပစ္စည်းထား၍ ငွေချေးယူခြင်းအား "ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်များ"ဟု ရေးသားချုပ်ဆိုစေခဲ့ခြင်းအပေါ်လည်း လိုအပ်သလို ဥပဒေကြောင်းအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေလိုက်သည်။

**ညွှန်ကြားချက်အရ-**
**ဦးမင်းစိန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၉)**
**အခန်း(၇)၊ ပန်းဆိုးတန်း အဆောင်(စ်)တာဝါ၊**
**အမှတ်-၁၈၉/၁၉၅၊ ပန်းဆိုးတန်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ -၂၁၈
## မှော်ဘီခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆
## ကွယ်လွန်သူ ဦးဆလုံးနော်၏ ကျန်ရှိပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

**ဒေါ်မနားနန်** ---------- **လျှောက်ထားသူ**

နယ်မြေ(၁၂) ကြာရာပတ္တီး-A၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဆလုံးနော်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့် အကြောင်းနှင့် လျှောက်ထားသူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ မတ်လ (၂၈)ရက် (၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဦးဆလုံးနော်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့်အဆိုရှိသူတို့အား အဆိုပါအမှုတွင် (၎င်းတို့လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ မတ်လ(၂၈)ရက် (၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်) နံနက်(၁၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ မတ်လ(၁၄)ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းမြတ်တိုး)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၁၀၂၅/က)၊ ပဉ္စမထပ်၊ ၆ လွှာ၊ ၁ ထူပါရုံ (၆)လမ်းအနောက်ရှိ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်သူ ဒေါ်ခင်မာလာ [၁၂/ကတတ(နိုင်) ၀၁၀၂၆၉] ထံမှ ဒေါ်ဝေဝေနှင်း [၁၂/သကတ(နိုင်)၁၆၈၅၆၉]သည် စရန်ငွေတစ်စိတ်တစ်ဒေသပေး၍ ဝယ်ယူပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထား စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝေဝေနှင်း**
**ဖုန်း- ၀၉-၉၇၂၃၇၆၆၃၀**
**၀၉-၂၆၁၇၃၅၈၃၆**

## ပျောက်ဆုံးကြောင်း

ဦးသန့်ဇော်မင်း [၁၂/ပဇတ (နိုင်)၀၀၁၁၆၃] ကိုင်ဆောင်သော သင်္ဘောသားစာရွက်စာတမ်းများဖြစ်သော (DSD) (BSA) (WK) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-786030077**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇/ကံဘဲ့၊ မြေကွက်အမှတ်- ၂၈/ဃ၊ ဧရိယာ(၀.၀၆၉)ဧက၊ မြေကွက်တည်နေရာအမှတ်- ၁၂၅၆၊ ကံဘဲ့ဘူတာရုံလမ်း၊ (၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ K တံနီကိုဒီရာပုလဲ အမည်ပေါက်၊ B-လ/န ၃ ခ မြေအား ဦးတင်ထွန်းအပေါ် တရားပြိုင်ထားကာ ဒေါ်သန်းမြင့်မှ တရားလိုပြုလုပ်၍ ရန်ကင်းမြို့နယ်တရားမရုံး၊ တရားမကြီးမှုအမှတ် ၁၆/၂၀၁၅ ဖြင့် ရန်ကင်းမြို့နယ်၊ (ယခင် အင်းစိန်ခရိုင်) ကံဘဲ့၊ (၁၁)ရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ်- ၁၂၅၆ ဟု ခေါ်တွင်သော မြေကွက်အမှတ်- ၃၇၊ ဦးပိုင်အမှတ်- ၂၈/ဃ မြေကွက်မှ ဆာဒူးအုတ်ဂူ မြေမျက်နှာပြုအရှည် (၂၉)ပေ၊ မြေကွက်လက်ယာဘက်မှ အရှည် (၃၁)ပေ၊ မြေကွက်လက်ဝဲဘက်မှ အရှည် (၃၂)ပေ၊ မြေကွက်အနောက်ဘက်မှ အရှည် (၃၂)ပေတို့အတွင်း အကျယ်အဝန်းအားဖြင့် ဧရိယာ ဧကဒသမ ၀.၀၂၃၂ ဧကရှိ မြေကွက်အား အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ပဋိညာဉ်အတိုင်း မှတ်ပုံတင်ပေးစေလိုမှုစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၂-၁၀-၂၀၁၅)ရက်စွဲပါ စီရင်ချက် ဒီကရီနှင့် တရားမဇာရီမှုအမှတ် ၁၇/၂၀၁၅ တာဝန်ခံမိတ္တူမှန်၊ ရန်ကင်းမြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ်၅/၂၀၂၂ဖြင့် ဘီလစ်စာရေးကြီး ဒေါ်ခင်ယဉ်ယဉ်စိုးအား ဘီလစ်ခန့်အပ်ကြောင်း (၂၆-၁၀-၂၀၂၂)ရက်စွဲပါ အကြောင်းကြားစာတို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်ခင်ယဉ်ယဉ်စိုး [၁၂/မဂဒ(နိုင်)၁၀၈၃၂၄]မှ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး(Portion) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၄၅၁/ခ)၊ မြေကွက်တည်နေရာအမှတ် (၄၅၁/ခ)၊ တကောင်း (၉)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ဒေါ်ယဉ်နု [၁၂/ဥကတ (နိုင်)၀၉၅၆၁၂] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် အမည်ပေါက် ဒေါ်ယဉ်နု(မိခင်)နှင့် ဦးအောင်ကြည် (ဖခင်)တို့ကွယ်လွန်သဖြင့် ဒေါ်ဌေးဌေး [၁၂/ဥကတ(နိုင်)၀၉၉၀၆၈]၊ ဒေါ်ခင်မိုးမိုး [၁၂/ဥကတ(နိုင်)၀၉၅၆၆၄] တို့မှ သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ၎င်းတို့ (၂)ဦး၏ GP ဒေါ်ပွင့်မြတ်သူ [၁၂/ဥကတ(နိုင်)၁၅၉၂၇၈]တို့မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ၅-၃-၂၀၂၃ နေ့စွဲပါ၊ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၃၁)ပါ၊ ဒေါ်ခင်စောဦး၊ (တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၇၀၂)က ၎င်း၏မိတ်ဆွေ၊ ဦးခင်မောင်တင့် [၉/မရမ(နိုင်)၁၆၇၈၉၈]အတွက် ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (စ/ သုမင်္ဂလာ)ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ Tosta Plaza၊ အခန်း(၈၀၁)၊ အကျယ်စတုရန်းပေ(၁၂၃၀)ရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်းတွင် တပ်ဆင်ထားသော လေအေးပေးစက်(၄)လုံး၊ PABX ဖုန်းနှင့်ပတ်သက်သည့် ကြော်ငြာအပေါ် မမှန်ကန်သဖြင့် ကန့်ကွက်ကြောင်းနှင့် သတိပေးတားမြစ်ချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ခင်ခင်သိန်း(ခ) ဒေါ်ခင်ရည်မွန် [၁၂/တမန(နိုင်)၁၅၁၈၁၃]၊ အခန်း(၇၀၂)၊ Tosta Plaza လေးထောင့်ကန်လမ်း၊ (စ/သုမင်္ဂလာ)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်သတိပေး ကြော်ငြာလိုက်သည်-

အထက်ရည်ညွှန်းသည့် ကြော်ငြာပါ ကွန်ဒိုတိုက်ခန်းနှင့်တကွ တတ်ဆင်ထားသောပစ္စည်းတို့အပေါ် ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ)၏ မိတ်ဆွေ၊ ဦးခင်မောင်တင့်၏ ညွှန်ကြားချက်အရ ကြော်ငြာပါ၊ ယင်းတိုက်ခန်းအား ကျွန်ုပ်၏အမှုသည်က ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ)၏မိတ်ဆွေ ဦးခင်မောင်တင့်အား အပြီးအပိုင်ရောင်းချခဲ့သည် ဆိုခြင်းမှာမမှန်ပါ။ ကျွန်ုပ်၏အမှုသည်က ငွေလိုသဖြင့် လက်လှည့်သုံးချေးခဲ့ရာ ဦးခင်မောင်တင့်က အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုပေးရန် တောင်းဆိုခဲ့သဖြင့် ကျွန်ုပ်၏အမှုသည်ကလည်း ယုံကြည်စွာဖြင့် လက်မှတ်ရေးထိုးပေးခဲ့ခြင်းဖြစ်ပါသည်။

သို့ပါ၍ ၅-၃-၂၀၂၃ နေ့စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃၁)ပါ၊ ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၇၀၂)၏ မိတ်ဆွေ ဦးခင်မောင်တင့် [၉/မရမ(နိုင်)၁၆၇၈၉၈]၏ ကြော်ငြာပါအကြောင်းအရာများသည် မမှန်ကန်သဖြင့် ကျွန်ုပ်၏အမှုသည်က ကန့်ကွက်ပါသည်။

၎င်းအပြင် မိတ်ဆွေချင်းခင်မင်မှုအရ ငွေယာယီချေးခြင်းအတွက် ယုံကြည်မှုအရ လက်မှတ်ရေးထိုးပေးခဲ့သည့်အပေါ် မမှန်မကန် ဆောင်ရွက်လာခြင်းအား နောင်မပြုလုပ်ရန် အသိပေးတားမြစ်လိုက်သည်။ မလိုက်နာပျက်ကွက်ပါက ဥပဒေကြောင်းအရ အရေးယူရလိမ့်ဖြစ်ကြောင်း သတိပေးလိုက်သည်။

**ညွှန်ကြားချက်အရ-**
**ဦးမင်းစိန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၉)**
**အခန်း(၇)၊ ပန်းဆိုးတန်း၊ အဆောင်ဖစ်(စ်)တာဝါ၊**
**အမှတ်- ၁၈၉/၁၉၅၊ ပန်းဆိုးတန်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## သဃ်္ဃန်းကျွန်းခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၉၁ နှင့် ဆက်နွှယ်သည့် ၂၀၂၃ ခုနှစ် တရားမဇာရီမှုအမှတ်-၃၅

| | | |
|---|---|---|
| ဒေါ်ထားမိုးသွင် | နှင့် | ဦးတင်ကြည် |
| **(တရားနိုင်)** | | **(တရားရှုံး)** |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော (မြောက်)ရပ်ကွက်၊ မြသီတာလမ်း၊ အမှတ်- ၆ (ဒုတိယထပ်-ဘီ)နေ (ယခုနေရပ်လိပ်စာမသိ)သူ တရားရှုံး ဦးတင်ကြည် သိစေရမည်။

၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်- ၇၉၁ တွင် ကျရှိသည့် ဒီကရီ အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည် ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ မတ်လ (၂၄)ရက်၊ (၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ မတ်လ (၁၆)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ခရိုင်တရားသူကြီး**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ လူနေရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၇၈-က-ခ)၊ အကျယ်အဝန်း ဧရိယာ(၃၆၂၅) စတုရန်းပေရှိ ဒေါ်သန်းသန်းဌေး [၁၂/သကတ(နိုင်) ၀၂၄၇၈၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း၊ အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ပေ)ရှိ စတုရန်းပေ(၂၄၀၀)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါ မြေကွက်နှင့် အဆောက်အဦအား တရားဝင်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးမောင်မောင် [၁၂/သကတ(နိုင်)၁၂၄၅၄၆]မှ မိမိသာပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့် အဆောက်အဦတို့နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာခိုင်(LL.B,D.B.L,WIPO,D.L.P(Swit)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၃၈)**
**အမှတ်-၆၂၊ ပထမထပ်၊ အခန်း(၁၇)၊ Winner Firm၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09- 420128213**

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်နှင့် အရန်တစ်လစာအတွက် ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါပြန်လည်ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/သူ၊ အချုပ်သား/သူ၊ ရဲဘက်လုပ်အားရှင်များအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်နှင့် အရန်တစ်လစာအတွက် ကျွေးမွေးရန် လိုအပ်သော ရိက္ခာဆန် (၅၄၉၄၇)အိတ်ကို သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **လုပ်ငန်းအမည်** | - | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်နှင့် အရန်တစ်လစာအတွက်လိုအပ်သောရိက္ခာဆန်ဝယ်ယူခြင်းလုပ်ငန်း |
| ၃။ | **ဝယ်ယူမည့်အရေအတွက်** | - | ရိက္ခာဆန်(၅၄၉၄၇)အိတ် |
| ၄။ | **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဈေးနှုန်း** | - | အိတ်ဖွင့်တင်ဒါတစ်စုံလျှင် (၃၀၀၀၀/-)နှုန်း |
| ၅။ | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၂၀-၃-၂၀၂၃ ရက်နေ့မှ ၂-၄-၂၀၂၃ ရက်နေ့ထိ ရုံးချိန်အတွင်း |
| ၆။ | **တင်ဒါရောင်းချမည့်နေရာ** | - | ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ အင်းစိန်မြို့နယ်။ |
| ၇။ | **တင်ဒါဖွင့်ဖောက်မည့်နေ့ရက်** | - | ၃-၄-၂၀၂၃ ရက်(တနင်္လာနေ့) **(ရက်အပြောင်းအလဲရှိနိုင်ပါသည်။)** |
| | **အချိန်** | - | (၁၀:၀၀)နာရီ |

၈။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး - ၀၁-၂၁၇၅၂၀၊ ၀၁-၂၁၇၅၂၁
(ခ) ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၁၃-၆၄၂၄၉၅၊ ၀၁၃-၆၄၂၄၉၆

**တင်ဒါစိစစ်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန**

## ဒေါ်သိဂီနှင့် ဒေါ်ခင်စန္ဒီကျော် [၉/ခအဇ(နိုင်)၀၀၄၃၀၆]တို့ သိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ လမ်း(၉၀)၊ အမှတ်(၁၈)နေ ဦးအောင်ကျော်ဦး(ခ)မုဟမ္မဒ်စအီးဒ် [၁၂/မဂတ(နိုင်)၀၁၀၀၁၂] ကိုင်ဆောင်သူမှ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ် (ဗဟို)၌ ရွှေ့ပြောင်းနိုင်/မရွှေ့ပြောင်းနိုင် ပိုင်ဆိုင်မှုကိစ္စနှင့်စပ်လျဉ်း၍ ခမ္ဗသတ်လျှောက်ထားလာပါသဖြင့် ဤအဖွဲ့ချုပ်(ဗဟို)မှ လျှောက်ထားခြင်းခံရသူများအား ဆက်သွယ်ရေးစာတိုက်မှတစ်ဆင့် (၂)ကြိမ်တိုင်တိုင် ဆင့်ခေါ်ခဲ့ပြီးလည်းဖြစ်ပါသည်။ ယခု နောက်ဆုံးအကြိမ်အနေဖြင့် လာရောက်တွေ့ဆုံညှိနှိုင်းနိုင်ရန်အတွက် အောက်ပါအတိုင်း ဆင့်ခေါ်ဖိတ်ကြားချိန်းဆိုအပ်ပါသည်။

| | | |
|---|---|---|
| တွေ့ဆုံရမည့်နေ့ရက် | - | (၂၄-၄-၂၀၂၃)(တနင်္လာနေ့) |
| တွေ့ဆုံရမည့်အချိန် | - | မွန်းလွဲ (၂)နာရီတိတိ။ |
| တွေ့ဆုံရမည့်နေရာ | - | အမှတ်(၁၀/၁၂)၊ ဗိုလ်တထောင်လမ်းသွယ်(၁)၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

**ဦးကျော်ကျော်(ခ) ဦးခင်ထွန်း**
**အထွေထွေအတွင်းရေးမှူးချုပ်**
**အစိုးရအသိအမှတ်ပြုအမိန့်စာအစစ်ရှိ**
**မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)**
**Ph: 09-456662226**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ရလပ/မ ၂၆၊ ရွှေပိတောက်လမ်း၊ မြေကွက်အမှတ်- ၇၃၇ ပေ(၂၀x၆၀) အကျယ်အဝန်းရှိ မြေကွက်သည် ဦးကြည်ရွှေ(J/RGN ၀၁၈၁၉၆)ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးထက်အောင် [၇/သနပ(နိုင်)၂၇၁၁၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖိုးဆူ [၁၂/ကတန(နိုင်)၀၀၁၆၃၇]က အပြီးအပိုင်ဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်သိဂီကျော်(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၀၈၅၆)**
**အင်းစိန်ခရိုင်စုပေါင်းရုံးဝင်း။**
**ဖုန်း-၀၉-၄၄၆၈၃၇၈၃၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်- ၃၊ မြေကွက်အမှတ်(၉၇၇)၊ ဧရိယာ (၂၀ပေx၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက် အမည်ပေါက်မြေရှင် ဦးအောင်မိုးထွဋ်၏ မြေကွက်ရှိ အမှတ်- ၁၇၊ မာန်ပြေ(၁၇)လမ်းအနောက်၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သည့် လွှာချင်းဆောက်လုပ်သည့် (၆)ထပ်တိုက်ရှိ ဒုတိယထပ် (၃-လွှာ)၊ အကျယ်အဝန်း (၁၈ပေx၅၅ပေ)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်သန်းရွှေ [၁၂/သကတ(နိုင်)၁၀၈၁၃၆]မှ ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

